ကြေးမုံ
The Mirror
၁၃၇၂ ခုနှစ်၊ ဝါခေါင်လဆန်း ၁၄ရက်၊ အင်္ဂါနေ့၊(24-8-2010)(၆၅၀၀)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ယူကရိန်းနိုင်ငံ သမ္မတထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် ဩဂုတ် ၂၄

၂၀၁၀ ခုနှစ် ဩဂုတ် ၂၄ ရက်တွင် ကျရောက်သော ယူကရိန်းနိုင်ငံ၏ လွတ်လပ်ရေးနေ့ အခါသမယ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ယူကရိန်းနိုင်ငံ သမ္မတ မစ္စတာဗစ်တာ ယာနူကိုဗစ်ချ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် ယူကရိန်းနိုင်ငံ ဝန်ကြီးချုပ်ထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် ဩဂုတ် ၂၄

၂၀၁၀ ခုနှစ် ဩဂုတ် ၂၄ ရက်တွင် ကျရောက်သော ယူကရိန်းနိုင်ငံ၏ လွတ်လပ်ရေးနေ့ အခါသမယ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်ထံမှ ယူကရိန်းနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ မီကိုလာ အဇာရော့ဗ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း)အတွင်းရှိ လမ်းပန်းဆက်သွယ်ရေးနှင့် စိုက်ပျိုးရေးအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေး

နေပြည်တော် ဩဂုတ် ၂၃

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်သည် ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာ အကြီးအကဲများလိုက်ပါလျက် ဩဂုတ် ၂၁ ရက် နံနက် ၇ နာရီ ၁၅ မိနစ်တွင် မော်တော်ယာဉ်ဖြင့် နေပြည်တော်မှ ထွက်ခွာလာပြီး ပြည်-ပေါက်ခေါင်း-တောင်ငူလမ်း တိုးတက်ပြုပြင်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

စာမျက်နှာ ၄ ကော်လံ ၁ သို့ ☆

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် ပေါက်ခေါင်းမြို့နယ် ကင်ပွန်းခြုံကျေးရွာအုပ်စုမှ ဒေသခံပြည်သူများနှင့် တောင်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံမှာကြားစဉ်။(ယာပုံ)**နှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အထူးစီမံကိန်းကြီးများ တည်ဆောက်ရေးအဖွဲ့(၁)က တာဝန်ယူဖောက်လုပ်လျက်ရှိသည့် မင်းလှ-စိန်ကန့်လန့်-မြို့ချောင်း-ပိန်းဇလုတ်(ပဲနွယ်ကုန်း)လမ်းပိုင်းကို တွေ့ရစဉ်။**
(အောက်ပုံ) (သတင်းစဉ်)

၂၄-၈-၂၀၁၀
(အင်္ဂါနေ့)

မီးရထားလမ်းကွန်ရက်များ တိုးချဲ့ဖောက်လုပ်

လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ခြင်းသည် ဒေသတစ်ခု ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံလိုအပ်ချက်ဖြစ်သည်။ လမ်းပန်းဆက်သွယ်မှု လွယ်ကူချောမွေ့လာခြင်းသည် ကုန်သွယ်စီးပွားအတွက်သာမက ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးတို့ကို အထောက်အကူပြုသည်။ တိုင်းရင်းသားအချင်းချင်း ဆက်စပ်ယှက်နွယ် ချစ်ကြည်ရင်းနှီးမှုများ ပိုမိုခိုင်မြဲစေသည်။

ယခုအခါ မော်တော်ကားလမ်း ကွန်ရက်များနှင့် မီးရထားလမ်းကွန်ရက်များကို နိုင်ငံတစ်ဝန်း၌ ဖောက်လုပ်ပေးလျက်ရှိသည်။ မြန်မာနိုင်ငံမြောက်ဖျားရှိ ပူတာအိုမှ တောင်ဘက်ဖျားရှိ ကော့သောင်းမြို့အထိ ဆက်သွယ်သွားလာနိုင်ကြပြီ။ နိုင်ငံအရှေ့ဖျားရှိ မူဆယ်၊ လားရှိုး၊ ကျိုင်းတုံမြို့တို့မှ အနောက်ဘက်ဖျားရှိ စစ်တွေမြို့အထိ မော်တော်ကားဖြင့် ရာသီမရွေး သွားလာနိုင်လျက်ရှိသည်။

ပဲခူးတိုင်းဒေသကြီးသည် တောတောင်လျှိုမြောင် ထူထပ်သည်။ အလယ်ရိုးမတောင်တန်းကြီး ကာဆီးထားသည့်အတွက် ပဲခူးတိုင်းဒေသကြီး၏အရှေ့ခြမ်းနှင့် အနောက်ခြမ်းနေ ပြည်သူများ အနေနီးသော်လည်း ခရီးဝေးနေခဲ့ကြရသည်။ ယခုသော် အရှေ့နှင့်အနောက် ရိုးမဖြတ်ကားလမ်းခုနစ်လမ်းရှိနေပြီ။ ရထားလမ်းကိုပါ တိုးချဲ့ဖောက်လုပ်လျက်ရှိရာ ပဲခူးတိုင်းဒေသကြီး အရှေ့ခြမ်းနှင့်အနောက်ခြမ်းနေ ပြည်သူများ ကူးသန်းဆက်သွယ်သွားလာရန် လွယ်ကူနေကြပြီ။

ပဲခူးတိုင်းဒေသကြီး အနောက်ခြမ်းရှိ ပြည်(ရွှေတံခါး)မှ ပဲခူးရိုးမအရှေ့ဘက်ခြမ်း တောင်ငူ(ကျေးတော)- နေပြည်တော်ရထားလမ်းသစ်ဖောက်လုပ်ရေးစီမံကိန်းကို အကောင်အထည်ဖော်နေသည်။ အဆိုပါရထားလမ်းမကြီး၏ ပြည်(ရွှေတံခါး)-ပေါက်ခေါင်း ရထားလမ်းပိုင်းကို ဩဂုတ် ၂၂ရက်က ဖွင့်လှစ်လိုက်ပြီ။ လမ်းအရှည်မိုင်၂၀ ရှိပြီး ရွှေတံခါးဘူတာအပါအဝင် ဘူတာရုံငါးရုံပါဝင်သည်။ ရထားလမ်းတစ်လျှောက်နေဒေသခံပြည်သူများ မီးရထားဖြင့် ခရီးသွားနိုင်ကြပေပြီ။

ရထားပို့ဆောင်ရေးလုပ်ငန်းသည် ခရီးသည်နှင့် ကုန်စည်များကို အချိန်တိုအတွင်း များပြားစွာသယ်ယူပို့ဆောင် ပေးနိုင်သည်။ ကုန်စည်မျိုးစုံကုန်ကျစရိတ်သက်သာစွာ ပို့ဆောင်ပေးနိုင်သည်။ မြန်မာ့မီးရထားက ရထားလမ်းများ၊ လူစီးတွဲ၊ ကုန်တင်တွဲများ တိုးတက်ကောင်းမွန်ရေး ကြိုးပမ်းလျက်ရှိသည်။

နိုင်ငံတစ်ဝန်း၌ ရထားလမ်းသစ်များ အရှိန်အဟုန်ဖြင့် ဖောက်လုပ်နေသည်။ မူလရှိပြီး ရထားလမ်းများနှင့် ဆက်စပ်ပြီး အမျိုးသားရထားလမ်းကွန်ရက်ကြီးပေါ်ထွက်လာမှုနှင့်အတူ ဒေသစီးပွားဖွံ့ဖြိုး၊ ကုန်စည်ပို့ဆောင်သွားလာမှုများ ပိုမိုတိုးတက် ဝေစည်လာမည်ဖြစ်ပါသည်။ ။

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၂၄-၈-၂၀၁၀ (အင်္ဂါနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ တရားတော်
၇း၁၀ ၃။ မိုးကုတ်ဆရာတော်ကြီး၏ ထေရုပ္ပတ္တိ -စာလိုက်စာချဘက်စုံရ ထူးချွန်လှသည့်ဆရာတော် (အပိုင်း-၁)
၇း၁၅ ၄။ ဓမ္မပူဇာတေး
၇း၂၀ ၅။ မျိုးချစ်တပ်မတော်
၇း၂၅ ၆။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၇။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅ ၉။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြား သတင်း
၈း၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ
၈း၁၅ ၁၂။ အပိတ်နှုတ်ဆက်စကား
၈း၁၆ ၁၃။ ပြီးပါပြီ။

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ အမျိုးသားရေးတေးကဗျာ
၄း၂၀ ၄။ အလွမ်းတေးပန်းချီ ချစ်သူ့ဆီ
၄း၃၅ ၅။ မြတ်နိုးကြစေ အမျိုးသားအမွေ
၄း၅၅ ၆။ မျိုးချစ်တပ်မတော်
၅း၁၀ ၇။ မြန်မာသံစဉ်ချိုနားဝင်
၅း၂၅ ၈။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
၅း၃၅ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
၅း၄၀ ၁၀။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -မိုးသောက်ကြယ် (အပိုင်း-၁၂)**
၆း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြား သတင်း
၆း၁၀ ၁၂။ အမျိုးသားရေးတေးကဗျာ
၆း၂၀ ၁၃။ လျှပ်တစ်ပြက်ရိုက်ချက်
၆း၃၀ ၁၄။ အောင်မြင်ခြင်းလမ်းမ
၆း၄၀ ၁၅။ အကြင်နာလက်တစ်စုံ
၇း၀၀ ၁၆။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - စိမ်းရောင်ခြယ်လှည်းကလေး (အပိုင်း-၄၂)**
၈း၀၀ ၁၇။ မြဝတီရုပ်မြင်သံကြား သတင်း
၁၈။ နိုင်ငံတကာသတင်း
၁၉။ မိုးလေဝသသတင်း
၂၀။ အမျိုးသားရေးတေးကဗျာ
၂၁။ မွေးမြူသုတ
၂၂။ ဟာသရုပ်စုံ
၂၃။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၄။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ခေတ်တစ်ခေတ်ရဲ့သူရဲကောင်း (အပိုင်း-၇၅) (ဇာတ်သိမ်းပိုင်း)**
၂၅။ Mini Series **(အပိုင်း-၈)**
၂၆။ သင့်အတွက်မနက်ဖြန်
၂၇။ အပိတ်နှုတ်ဆက်စကား
၂၈။ ပြီးပါပြီ။

ပြည်သူ့သဘောထား

✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ပိုလ်ချုပ်လှမင်း တောင်ငူမြို့ စစ်မှုထမ်းဟောင်းအိမ်ရာ တည်ဆောက်မှုလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဩဂုတ် ၂၃

ပဲခူးတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်လှမင်းသည် ဩဂုတ် ၁၉ရက် နံနက်ပိုင်းတွင် ကျွန်း စိုက်ခင်း တည်ထောင်ခြင်းလုပ်ငန်းသို့ ရောက်ရှိရာ တာဝန်ရှိသူများက စိုက်ခင်းအတွင်း သီးညှပ်သီးနှံများ စိုက်ပျိုးထားရှိမှု အခြေအနေများနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအမံများကို ရှင်းလင်းတင်ပြကြသည်။ ထို့နောက် တိုင်းမှူးသည် ညောင်ပင်လှကျေးရွာ စစ်မှုထမ်းဟောင်းအိမ်ရာ တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိပြီး လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို လှည့်လည်ကြည့်ရှု စစ်ဆေး၍ လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

တိုင်းမှူးသည် ဩဂုတ် ၂၀ ရက်တွင် ကေတုမတီဖလား မြို့နယ်ပေါင်းစုံ ပိုက်ကျော်ခြင်းပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ အဖွင့်အမှာစကားပြောကြားပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးကာ မန္တလေးမြို့မှ မြန်မာ့ရိုးရာ ခြင်းအလှခတ် အမျိုးသမီးလေးများ၏ ခြင်းအလှခတ်သရုပ်ပြမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

ကျောက်ဆည်၊ ပလိပ်နှင့် ရမည်းသင်းမြို့တို့ရှိ စက်ရုံများ အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း ကြည့်ရှုစစ်ဆေး

နေပြည်တော် ဩဂုတ် ၂၃

အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီးဦးအောင်သောင်းသည် ဩဂုတ် ၂၁ရက် နံနက် ၁၀နာရီခွဲတွင် ကျောက်ဆည်မြို့ ဝင်းသူဇာအရောင်းဆိုင်သို့ ရောက်ရှိပြီး ပစ္စည်းများရောင်းချနေမှုကို ကြည့်ရှုစစ်ဆေးကာ ပစ္စည်းအမယ်စုံ ရောင်းချ၍ ရောင်းကုန်ပစ္စည်း ပြတ်လပ်မှုမရှိစေရန် စနစ်တကျ စီမံဆောင်ရွက်ရေး မှာကြားခဲ့သည်။

ထို့မှတစ်ဆင့် မြန်မာ့အထည်အလိပ်လုပ်ငန်း ပလိပ်ချည်မျှင်၊ အထည်နှင့်အချောကိုင်စက်ရုံသို့ ရောက်ရှိပြီး စက်သစ်များ တပ်ဆင်ထားရှိမှုနှင့် ထုတ်လုပ်နေမှုတို့ကိုလည်းကောင်း၊ တိုင်ချည်ရှည်စက်၊ ချည်ကတော့စက်၊ ရက်ဖောက်စက်၊ ရက်ကန်းစက်များ၏ ကုန်ထုတ်လုပ်ငန်းများကို လည်းကောင်း၊ ၂၀၁၀ခုနှစ်နှင့် နှစ်အလိုက် ထုတ်လုပ်ထားသော အဆင်ဒီဇိုင်းများကိုလည်းကောင်း၊ စက်ရုံမှ ထုတ်လုပ်ထားသော စက်အရန်ပစ္စည်းများကို လည်းကောင်း၊ စက်ရုံ၏ ဧက (၆၀) ငွေချည်(၆)မိုးဝါများ စိုက်ပျိုးဖြစ်ထွန်းအောင်မြင်နေမှုကို လည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ဝန်ကြီးသည် ယမန်နေ့ နံနက်ပိုင်းတွင် ရမည်းသင်းမြို့ရှိ မြန်မာ့အထည်အလိပ်လုပ်ငန်း အထည်နှင့် ဆေးဆိုးပန်းရိုက်စက်ရုံ (ရမည်းသင်း) သို့ ရောက်ရှိပြီး ကုန်ကြမ်းချည်လုံးများ၊ စက်ရုံမှ ထုတ်လုပ်သော ဆေးဆိုးပန်းရိုက်အထည်များနှင့် စက်များ၏ ကုန်ထုတ်လုပ်ငန်းများကို လည်းကောင်း၊ ဆေးရေးပန်းထည်အလုပ်ရုံ၌ စီလွန်စက်ပန်းထိုးထည်များ၊ လက်ပန်းရိုက် အထည်ဒီဇိုင်းများ၊ ပန်းရိုက်အထည်များ၊ အရောင်သွင်းဆေးခြယ်ခြင်းနှင့် စက်ပန်းထိုးထည် ရက်လုပ်ခြင်း လုပ်ငန်းများကို လည်းကောင်း ကြည့်ရှုစစ်ဆေး၍ ဆေးသားခိုင်ခံ့ သပ်ရပ်လှပသော အဆင်ဒီဇိုင်းများ တိုးတက် ထုတ်လုပ်ကြရန် မှာကြားသည်။

မှာကြား

ယင်းနောက် မြန်မာ့ဆေးဝါးနှင့် အိမ်သုံးပစ္စည်းလုပ်ငန်း ဆပ်ပြာစက်ရုံ (ရမည်းသင်း) သို့ရောက်ရှိပြီး ဆပ်ပြာအမျိုးမျိုး၏ ကုန်ထုတ်လုပ်ငန်း အဆင့်ဆင့်ကို ကြည့်ရှုစစ်ဆေး၍ ကုန်ထုတ်လုပ်မှု ရည်မှန်းချက် အောင်မြင်အောင် ဆောင်ရွက်ရေးနှင့် အရည်အသွေးကောင်းမွန်သော ကုန်ပစ္စည်းများ ထုတ်လုပ်ရေး မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အမှတ် (၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း ပလိပ်ချည်မျှင်၊ အထည်နှင့် အချောကိုင် စက်ရုံတွင် ကြည့်ရှုစစ်ဆေးစဉ်။

(စက်မှု-၁)

၂၀၁၀-၂၀၁၁ ပညာသင်နှစ် ကျောင်းကျန်းမာရေး ရက်သတ္တပတ်လှုပ်ရှားမှု အစီအစဉ်အရ တာမွေမြို့နယ် အမှတ် (၇) အခြေခံပညာ မူလတန်းကျောင်း၌ ဩဂုတ် ၂၁ ရက်က ကျန်းမာရေးဆိုင်ရာ ဟောပြောပွဲ ကျင်းပရာ မြို့နယ်ပညာရေးမှူး ဒေါ်ရီရီစိန်၊ ကျောင်းကျန်းမာရေးဆရာဝန် ဒေါက်တာအေးသူဇာကျော်နှင့် ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးအေးသန်းတို့ ကျောင်းသား၊ ကျောင်းသူများအား ဟောပြောစဉ်။

(ကြေးမုံ)

မြန်မာနိုင်ငံဆရာဝန်အသင်း အဏုဇီဝဗေဒအဖွဲ့ တီဘီအဆုတ်ရောဂါဆိုင်ရာ ဟောပြောပွဲကျင်းပမည်

ရန်ကုန် ဩဂုတ် ၂၃

မြန်မာနိုင်ငံဆရာဝန်အသင်း အဏုဇီဝဗေဒအဖွဲ့က ကြီးမှူးကျင်းပမည့် တီဘီရောဂါဆိုင်ရာ အမြင်သစ်များ (New Perspectives on Tuberculosis) ဟောပြောပွဲကို ဩဂုတ် ၂၈ ရက် နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ မြန်မာနိုင်ငံဆရာဝန်အသင်းခန်းမ (အေ)၌ ကျင်းပမည် ဖြစ်သည်။ ဟောပြောပွဲတွင် ဆေးတက္ကသိုလ်(၁)အဏုဇီဝဗေဒဌာန ပါမောက္ခ/ ဌာနမှူး ဒေါက်တာကြည်ကြည်သင်း၊ အဆုတ်နှင့် အသက်ရှူလမ်းကြောင်း ဆေးပညာဌာန ပါမောက္ခ/ဌာနမှူး ဒေါက်တာဦးဝင်းနိုင်၊ ဆေးတက္ကသိုလ်(၂) ကလေးဆေးပညာဌာနမှ ပါမောက္ခ/ဌာနမှူး ဒေါက်တာဦးစောဝင်းနှင့် အမျိုးသားတီဘီရောဂါတိုက်ဖျက်ရေးစီမံကိန်းမှ ပိုးမွှားဗေဒအထူးကုဆရာဝန်ကြီး(ငြိမ်း) ဒေါက်တာဒေါ်တီတီတို့က ဟောပြောကြမည်ဖြစ်သည်။

စိတ်ပါဝင်စားသူ မည်သူမဆို ရုံးချိန်အတွင်း အဏုဇီဝဗေဒဌာန ဆေးတက္ကသိုလ်(၁) လမ်းမတော်မြို့နယ်နှင့် အဏုဇီဝဗေဒဌာန ဆေးတက္ကသိုလ်(၂) မြောက်ဥက္ကလာပမြို့နယ်တို့၌လည်းကောင်း၊ ဟောပြောမည့်နံနက်တွင် မြန်မာနိုင်ငံဆရာဝန်အသင်းခန်းမ(အေ)၌လည်းကောင်း မှတ်ပုံတင်၍ တက်ရောက်နိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

မိုးကောင်း ကမ်းနားလမ်း ထပ်ပိုးလွှာခင်း

မိုးကောင်း ဩဂုတ် ၂၃

ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့မှ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဝင်းဗိုလ်သည် မိုးကောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းလုပ်ငန်းခွင့်ပြုရန်ပုံငွေဖြင့် ကမ်းနားလမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေကို ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ(လက်ထောက် ညွှန်ကြားရေးမှူး) ဦးဝင်းနိုင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဝင်းဇော်ဦးတို့က လိုက်လံရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။ (မြို့နယ်စည်ပင်)

ဥတုရာသီ တောကိုမှီ၏

နိုင်ငံတကာနှင့် ရင်ပေါင်တန်းရပ်တည်နိုင်ရေးအတွက် ကြုံတွေ့ရမည့် အခက်အခဲများ၊ စိန်ခေါ်မှုများကို ရင်ဆိုင်ကျော်လွှားနိုင်သည့် အမျိုးသားရေးစွမ်းအားကို ခိုင်ခိုင်မာမာ တည်ဆောက်ထားနိုင်ရန် လိုအပ်

ရန်ကုန် ဩဂုတ် ၂၃

အခြေခံပညာ ဆရာ၊ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ် (၇၂) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်ရှိ ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး)ရတနာသိယ်ခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးကိုယ်စား သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်း တက်ရောက်၍ သင်တန်းဖွင့်အမှာစကား ပြောကြားသည်။

အမှာစကားပြော

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ကိုယ်စား သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်း ဗဟိုဝန်ထမ်းတက္ကသိုလ် (ဖောင်ကြီး) အခြေခံပညာ ဆရာ၊ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၇၂) ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

အဆိုပါ သင်တန်းဖွင့်ပွဲအခမ်းအနားသို့ အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး ဦးအောင်ကြည်၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးအောင်သိန်းလင်း၊ ဒုတိယဝန်ကြီးများ၊ ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့-အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဗဟိုဝန်ထမ်းတက္ကသိုလ် (ဖောင်ကြီး) ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ ဌာနကြီးမှူးများ၊ ဌာနမှူးများ၊ နည်းပြများနှင့် သင်တန်းသား သင်တန်းသူ၊ ဆရာ ဆရာမများ တက်ရောက်ကြသည်။

ကြိုးပမ်းဆောင်ရွက်လျက်ရှိ

ရှေးဦးစွာ မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး ကိုယ်စား သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်းက အဖွင့်အမှာစကား ပြောကြားရာတွင် နိုင်ငံတော်အစိုးရအနေဖြင့် အမျိုးသားရေး ရည်မှန်းချက်ဖြစ်သည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီး ပေါ်ထွန်းလာစေရေးအတွက် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး၊ အမျိုးသားစီးပွားရေးဘဝ တောင့်တင်းခိုင်မာရေး၊ ပြည်သူများ စားဝတ်နေမှု ပြည့်စုံဖူလုံစေရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးဘဝ အဆင့်အတန်းမြင့်မားရေးတို့အတွက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဦးတည်ချက်များချမှတ်ပြီး ဘက်စုံ ကဏ္ဍစုံတွင် ရည်မှန်းချက်ရှိရှိ စေတနာရှေ့ထားပြီး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

တက်ညီလက်ညီအားထုတ်

ယခုကဲ့သို့ အဘက်ဘက်က ကြိုးပမ်း ဆောင်ရွက်နေသည့် အခြေအနေအချိန်အခါမျိုးတွင် မိမိနိုင်ငံသူ၊ နိုင်ငံသား ပြည်သူများ၏ ပညာရည်မြင့်မားမှု၊ အသိအမြင် ဗဟုသုတ ပြည့်စုံကြွယ်ဝရေး၊ စစ်မှန်သည့် ပြည်ထောင်စုစိတ်ဓာတ် ထက်သန်ခိုင်မာမှု စွမ်းအားများနှင့် နိုင်ငံတကာအဆင့်မီ သိပ္ပံနှင့်နည်းပညာ ဖွံ့ဖြိုးတိုးတက်မှုစွမ်းအားများကို ဟန်ချက်ညီညီ ပေါင်းစပ်ပြီး တစ်မျိုးသားလုံး တက်ညီလက်ညီ အားထုတ်ကြိုးစားမှသာ မိမိတို့ လိုလားတောင့်တနေသည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးကို အောင်အောင်မြင်မြင် တည်ဆောက်နိုင်မည်ဖြစ်ကြောင်း။

ယနေ့ နိုင်ငံတကာအခြေအနေကို လေ့လာကြည့်လျှင် ကမ္ဘာ့နိုင်ငံအသီးသီး အနေဖြင့် မိမိနိုင်ငံ၊ မိမိလူမျိုး ရှင်သန်ရပ်တည်နိုင်ရေးအတွက် အချိန်နှင့်အမျှ ကြိုးပမ်းဆောင်ရွက်နေကြသည်ကို တွေ့မြင်ရမည်ဖြစ်ကြောင်း၊ သိပ္ပံနှင့်နည်းပညာရပ်များ၊ သတင်းနှင့် ဆက်သွယ်ရေးဆိုင်ရာ နည်းပညာများ၏ တိုးတက်ပြောင်းလဲမှုနှင့် ယှဉ်တွဲပြီး တစ်ကမ္ဘာလုံး ဆက်စပ်ယှက်နွှယ် ပြောင်းလဲနေချိန်တွင် ခေတ်မီသိပ္ပံနှင့် နည်းပညာ ဖွံ့ဖြိုးတိုးတက်မှုများနှင့် တစ်ပြေးညီ လိုက်ပါနိုင်စေရေး ကြိုးပမ်းဆောင်ရွက်နေကြသကဲ့သို့ မိမိနိုင်ငံ၊ မိမိလူမျိုး၏ အမျိုးသားရေးရပ်တည်ချက်၊ အမျိုးသားရေး အကျိုးစီးပွားနှင့် အမျိုးသားရေး စရိုက်လက္ခဏာများ တိမ်းပါးယိုယွင်းမသွားစေရေး အတွက် သတိနှင့်ယှဉ်ပြီး ထိန်းသိမ်းစောင့်ရှောက်နေကြရသည့် အချိန်အခါလည်းဖြစ်ကြောင်း။

ကမ္ဘာတစ်ဝန်းတွင် အယူဝါဒရေး၊ လူမျိုးရေး၊ ဘာသာရေး အသွင်သဏ္ဌာန်အမျိုးမျိုး ဆောင်နေသည့် ပဋိပက္ခများ၊ ဒေသတွင်းစစ်ပွဲများ၊ ပြည်တွင်းစစ်များ၊ အကြမ်းဖက်မှုများ ကျယ်ပြန့်နက်ရှိုင်းစွာ ဖြစ်ပေါ်နေသကဲ့သို့ ကမ္ဘာ့နိုင်ငံများအတွင်း အုပ်စုဖွဲ့ဘက်ပြိုင်မှုများ၊ စံနှစ်မျိုးထား ခွဲခြားဆက်ဆံမှုများ၊ နိုင်ငံတကာအဖွဲ့အစည်းများအပေါ် ဝင်ရောက်စွက်ဖက်ခြယ်လှယ်မှုများ ပိုမိုကြီးမားနက်ရှိုင်းလျက်ရှိသည်ကို တွေ့ရမည်ဖြစ်ကြောင်း။

ထို့အပြင် တစ်ကမ္ဘာလုံးအား ဩဇာလွှမ်းမိုးခြယ်လှယ်နိုင်ရေးအတွက် ကမ္ဘာ့နိုင်ငံ အသီးသီး၏ ဒေသတွင်းပဋိပက္ခနှင့် ပြဿနာများတွင် စည်းရုံးသိမ်းသွင်းမှု၊ ဖိအားပေး အကျပ်ကိုင်မှု နည်းလမ်းအသွယ်သွယ်ဖြင့် ပါဝင်ပတ်သက်ဖန်တီးနေမှုကြောင့် မူလထက် ရှုပ်ထွေးနက်ရှိုင်းသည့် ပဋိပက္ခနှင့် ပြဿနာအသစ်များကိုလည်း တိုးပွားစေလျက်ရှိကြောင်း။

ခိုင်ခိုင်မာမာတည်ဆောက်

ယခုကဲ့သို့ အခြေအနေ အချိန်အခါမျိုးတွင် မိမိတို့နိုင်ငံ၊ မိမိတို့လူမျိုး၏ အမျိုးသားရေး ဂုဏ်သိက္ခာ၊ အမျိုးသားရေး ရပ်တည်ချက်များ မပျက်မယွင်းစေဘဲ နိုင်ငံတကာနှင့် ယှဉ်တွဲပြီး ကိုယ့်ခွန်ကိုယ့်အားဖြင့် ရင်ပေါင်တန်း ရပ်တည်နိုင်စေရေးအတွက် အသွင်သဏ္ဌာန်အမျိုးမျိုးဖြင့် ကြုံတွေ့ရမည့်အခက်အခဲများ၊ စိန်ခေါ်မှုများကို ရင်ဆိုင်ကျော်လွှားနိုင်သည့် အမျိုးသားရေး စွမ်းအားကို ခိုင်ခိုင်မာမာ တည်ဆောက်ထားနိုင်ရန် လိုအပ်ကြောင်း။

ထို့ကြောင့် နိုင်ငံတော်အစိုးရအနေဖြင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးကို အခြားသော ကမ္ဘာ့နိုင်ငံများနည်းတူ မိမိနိုင်ငံ၊မိမိလူမျိုး ရှင်သန်ရပ်တည်နိုင်ရေးအတွက် နိုင်ငံတကာနှင့် ရင်ပေါင်တန်း ဖွံ့ဖြိုးတိုးတက်စေရေး ကြိုးစားဆောင်ရွက်လျက်ရှိသည် သာမက ဘိုးဘွားအမွေဖြစ်သော ပြည်ထောင်စုကြီး အဓွန့်ရှည်တည်တံ့ ခိုင်မြဲရေး အတွက်ပါ ကြိုးပမ်းဆောင်ရွက်နေရသည့် အခြေအနေလည်းဖြစ်ကြောင်း၊ တစ်နည်းအားဖြင့် လွတ်လပ်သောအချုပ်အခြာအာဏာပိုင် နိုင်ငံတစ်နိုင်ငံပီသစွာဖြင့် အနှောင်အဖွဲ့ကင်းကင်း၊ ဂုဏ်သိက္ခာရှိရှိ ရပ်တည်နိုင်စေရေး ဦးတည်ချက်ဖြင့် မိမိနိုင်ငံမိမိ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကိုယ့်ခွန်ကိုယ့်အားဖြင့် ကြိုးပမ်းတည်ဆောက်နေခြင်းဖြစ်ကြောင်း။

ယနေ့အချိန်အခါကဲ့သို့ နိုင်ငံတော်အစိုးရအနေဖြင့် ပြည်သူများလိုလားတောင့်တသည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်ကြီးကို ညင်သာသိမ်မွေ့စွာ ကူးပြောင်းနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိရာတွင် နိုင်ငံတော် တည်ငြိမ်အေးချမ်းမှုနှင့်အတူ မိမိနိုင်ငံသူ၊ နိုင်ငံသားများ၏ အသိပညာနှင့်ယှဉ်သော ပူးပေါင်းဆောင်ရွက်မှုဖြင့် အနှောင့်အယှက်၊ အဟန့်အတားအဖုံဖုံ၊ သွေးဆောင်ဖြားယောင်းမှု အမျိုးမျိုးတို့အား ပညာစွမ်းအားနှင့် ရင်ဆိုင်ကျော်လွှားပြီး မှန်ကန်သော အမျိုးသားရေးလမ်းကြောင်းပေါ်၌ တည့်မတ်ခိုင်မာစွာ လျှောက်လှမ်းနိုင်ရေးအတွက် အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ဆရာ၊ ဆရာမများအနေဖြင့် ကျရာအခန်းကဏ္ဍမှ ပူးပေါင်းပါဝင် ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း။

အောင်မြင်ရေးကြိုးပမ်း

နိဂုံးချုပ်အနေဖြင့် မျိုးဆက်သစ်လူငယ်များအား နယ်ပယ်ကဏ္ဍအလိုက် စွမ်းဆောင်ရည်မြင့်မားသည့် လူ့စွမ်းအားအရင်းအမြစ်များအဖြစ် စဉ်ဆက်မပြတ် ဆက်လက်ပြုစုပျိုးထောင်နိုင်ရေးအတွက် ဖော်ဆောင်လျက်ရှိသည့် အမျိုးသားပညာရည်မြင့်မားရေး အနှစ် ၃၀ နှစ်ရှည် စီမံကိန်း အောင်မြင်ရေးအတွက် ပညာရေးလုပ်ငန်းစဉ်များအပေါ် ပိုမိုသိမြင် အကောင်အထည်ဖော်နိုင်ရေး ကြိုးပမ်းသွားကြရန်။

မြန်မာ့ရေမြေသဘာဝ၊ မြန်မာ့ယဉ်ကျေးမှု၊ မြန်မာ့သမိုင်းကြောင်းနှင့် ကိုက်ညီသည့် ဒီမိုကရေစီလမ်းကြောင်းအဖြစ် ဖော်ဆောင်လျက်ရှိသည့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို ညင်သာချောမွေ့စွာ အဆင့်ဆင့် တက်လှမ်းနိုင်ပြီး အမျိုးသားရေးလုပ်ငန်းစဉ်များ အောင်မြင်ရေးအတွက် ပြည်ထောင်စုစိတ်ဓာတ်ကို အခြေခံသည့် ယုံကြည်ချက်၊ ခံယူချက်များနှင့် ကြိုးပမ်းသွားကြရန်။

အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီး ဖြစ်ထွန်းလာစေရေးအတွက် အနာဂတ်နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေးမျက်နှာစာတွင် မိမိတို့ပူးပေါင်းပါဝင် ကြိုးပမ်းရမည့် အမျိုးသားရေး အခန်းကဏ္ဍ တာဝန်များကို ပိုမိုသိမြင်လာစေရေးအတွက် ဆည်းပူးလေ့လာသွားကြရန် တိုက်တွန်းမှာကြားသည်။

အဆိုပါသင်တန်းသို့ အောက်မြန်မာပြည်ရှိ ပြည်နယ်နှင့်တိုင်းဒေသကြီးများမှ သင်တန်းသား သင်တန်းသူ၊ ဆရာ ဆရာမ ၁၅၀၂ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တငါးပတ် ကြာမြင့်မည်ဖြစ်သည်။ (သတင်းစဉ်)

ပြည်မြန်မာသတင်းဂျာနယ် ဖြန့်ချိ

ရန်ကုန် ဩဂုတ် ၂၃

ပြည်မြန်မာသတင်းဂျာနယ် အမှတ် (၇၃၁)ကို ရန်ကုန်မြို့ အနော်ရထာလမ်း (၃၉ လမ်းထောင့်) Central Tower ပထမထပ်ရှိ SweSone Media Group မှ တစ်ပြည်လုံးသို့ ဖြန့်ချိလိုက်ပြီဖြစ်သည်။

ယခုတစ်ပတ်ထုတ် ပြည်မြန်မာသတင်းဂျာနယ်၌ "ကမ္ဘာ့အကြီးဆုံး ဓမ္မစေတီ ခေါင်းလောင်းမျှော် ခေါင်းလောင်းကြီး တည်ဆောက်ရန် ကြိုးပမ်းလျက်ရှိ၊ စင်ကာပူမှ စံချိန်တင်လုပ်သားတစ်သိန်း ခေါ်ယူရာတွင် မြန်မာလုပ်သားများကို အဓိကထား ခေါ်ယူမည်၊ ငါးသိန်းတန် ဖုန်းများနှင့်တွဲဖက်၍ ဖက်စ်အသုံးပြုနိုင်ပြီ၊ နိုင်ငံအနှံ့တွင် ပြည်ခိုင်ဖြိုးပါတီရုံးပေါင်း ၄၀၀ ကျော် တစ်ပြိုင်နက်ဖွင့်လှစ်၊ အစွမ်းထက်သည့် မြန်မာ့ဂျုံမြက်နုဆေးကို ပြည်ပကမှာယူ၊ ကျပ်ငါးသိန်းတန် CDMA 800 MHz ဖုန်းများကို နယ်မြေကန့်သတ်ချက်မရှိ အသုံးပြုနိုင်တော့မည်၊ အင်တာနက်၊ တယ်လီဖုန်း၊ တီဗွီ သုံးမျိုးသုံးနိုင်မည့် စနစ်ကို ရန်ကုန်တွင် မကြာမီအသုံးပြုနိုင်တော့မည်၊ ကျပ် ၁၆၀၀၀ ထည့်သွင်းထားရုံဖြင့် နိုင်ငံ ၄၀ခန့်ရှိ ဖုန်းများသို့ အင်တာနက်မှ တစ်လလုံးအကန့်အသတ်မရှိ ပြောဆိုနိုင်၊ မြို့ပြမြေပုံတိုင်းစနစ်ပါ ကားများ တင်သွင်းရန် ညှိနှိုင်းစီစဉ်လျက်ရှိ၊ မြန်မာ့ပထမဆုံး မော်တော်ဆိုင်ကယ်အင်ဂျင်စက်ရုံ ပခုက္ကူစက်မှုဇုန်၌ တည်ထောင်ရန်စီစဉ်၊ ဓာတ်တော်ချိုင့် ရေတံခွန်အပန်းဖြေစခန်း တည်ဆောက်နေ၊ မလေးရှားအဲလိုင်းက ရန်ကုန်-ကွာလာလမ်ပူခရီးစဉ် နေ့စဉ်ပျံသန်းမည်၊ လော့ကားဥယျာဉ်အတွင်း အောက်တိုဘာလမှစ၍ ညအိပ်အပန်းဖြေနိုင်တော့မည်၊ ကိုရီးယားအစားအသောက်ပွဲတော် မြန်မာနိုင်ငံတွင် ပထမဆုံးအကြိမ်ကျင်းပမည်၊ မန္တလေး၌ ကြိုးမဲ့အင်တာနက်ဇုန်ဧရိယာများ တိုးချဲ့မည်၊ ၂၀၀ ကျပ်ဖြင့် အင်တာနက်သုံးနိုင်မည့် WiFi Free Zone ဖွင့်လှစ်၊ အင်္ဂလန်မှ တိုက်ရိုက်ချီးမြှင့်မည့် အနုပညာဆိုင်ရာ ဒီပလိုမာ ပြည်တွင်း၌ပင် ရယူနိုင်တော့မည်၊ ပတ္တမြား FM ရန်ကုန်မြို့သို့ တိုးချဲ့ထုတ်လွှင့်မည်၊ အီရန်က ခရစ်ဒိုးကျည်လေးစင်း သယ်ဆောင်နိုင်သော တာဝေးသွား မောင်းသူမဲ့ ဗုံးကြဲလေယာဉ်ပြသ၊ ရုရှား၌ ခိုလှုံရန်ကြိုးစားခဲ့သူ မြောက်ကိုရီးယား တိုက်လေယာဉ်မှူး တရုတ်၌ လေယာဉ်ပျက်ကျသေဆုံး၊ မိုးကြိုးထိမှန်သွားသည့် လေယာဉ်ကြီး အရေးပေါ်ဆင်းသက်ခဲ့ရာ သုံးပိုင်းပြတ်သွားသော်လည်း ခရီးသည်များ အသက်မသေ၊ တရုတ်က ဂျပန်ကို ကျော်လွန်ပြီး ဒုတိယမြောက် ကမ္ဘာ့စီးပွားရေး အင်အားအကြီးဆုံးနိုင်ငံဖြစ်လာ၊ ကြက်သွန်ဖြူ အနက်ရောင်များ အောက်တိုဘာတွင်ရမည်၊ ပျားအကောင် ၅၀၀၀၀ အဝိုင်းခံရပြီး ရဲအရာရှိ ကားထဲ၌ ပိတ်မိနေ၊ နာမည်ကြီး အဆိုတော်မိန်းကလေးက အိပ်ချ်အိုင်ဗွီပိုး ကူးစက်ခံထားရကြောင်း ပြောမပြဘဲ အမျိုးသားများနှင့် လိင်ဆက်ဆံခဲ့သောကြောင့် ထောင်ဒဏ်နှစ်ရှည် အပြစ်ပေးခံရဖွယ်ရှိ၊ ၁၀ လသား ကလေးက ခြောက်နှစ်သားကလေး၏ ကိုယ်အလေးချိန်နှင့် ညီမျှ၊ လက်ဖက်ခြောက်ရွက်မှ ပိတ်စတီထွင်၊ သံထည်များကို ကိုယ်တွင်ကပ်ထားနိုင်သည့် သံလိုက်လူသားအမျိုးသမီး၊ မိုင်းတွင်းပြိုကျပြီး မြေအောက်၌ ပိတ်မိနေသူ ၃၃ ဦးကို ၁၇ ရက်ကြာပြီးမှ ကယ်ဆယ်ရရှိ" စသည့် စိတ်ဝင်စားဖွယ် သတင်းများနှင့် ပါဝင်နေကျကဏ္ဍမျိုးစုံအပြင် ရှစ်မျက်နှာတိုးမြှင့်၍ မေတ္တာလက်ဆောင် အချပ်ပိုများနှင့်အတူ ဈေးနှုန်း မတက်ဘဲ အပတ်စဉ် အင်္ဂါနေ့တိုင်း ဖြန့်ချိလျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကြီးကြပ်ဆောင်ရွက်

မူဆယ်မြို့ ရွှေသမင်ပန်းခြံလမ်းတစ်လျှောက် သန့်ရှင်းသာယာလှပရေးအတွက် ဩဂုတ် ၉ ရက်က ဦးစီးအရာရှိ ဦးဝင်းဇော် ကြီးကြပ်၍ စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

စီးပွားရေးတိုးတက်မြင့်မားရန် ပေါင်းစည်းလယ်ယာစနစ်ကို ဆောင်ရွက်

နိုင်ငံတော်က တည်ဆောက်ပေးထားသည့် အခြေခံအဆောက်အအုံများ ရေရှည်တည်တံ့အောင် ဝိုင်းဝန်းကာကွယ်စောင့်ရှောက်

☆ **ရွှေဖုံးမှ**

နိုင်ငံတော် ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မိုင်တိုင်အမှတ်(၈၀/၂)ရှိ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ကြက်မနစ်စခန်းသို့ရောက်ရှိကြရာ စခန်းရှင်းလင်းဆောင်၌ ဝန်ကြီး ဦးခင်မောင်မြင့်က ပဲခူးရိုးမဖြတ်လမ်းဖြစ်သည့် လမ်းအရှည် ၁၂၅ မိုင် ၁ ဖာလုံရှိ ပြည်-ပေါက်ခေါင်း-တောင်ငူလမ်းကို ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင် တိုးတက်ပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်ရာတွင် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ အဖွဲ့ ၁၂ ဖွဲ့နှင့် ပြင်ပကုမ္ပဏီ လေးခုတို့ဖြင့် ဆောင်ရွက်ခဲ့ရာ ငါးလကျော်ခန့်အတွင်း ပြီးစီးအောင်မြင်အောင် ဆောင်ရွက်နိုင်ခဲ့မှု၊ ယခုအခါ လမ်းပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြရာ ပဲခူးတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်လှမင်းက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

စစ်ဆေးပြုပြင်ထိန်းသိမ်း

တင်ပြချက်များနှင့်စပ်လျဉ်း၍ နိုင်ငံတော်ဝန်ကြီးချုပ်က လမ်းကို ရာသီမရွေးသွားလာနိုင်အောင် အမြဲမပြတ် စစ်ဆေးပြုပြင်ထိန်းသိမ်းရန်ဖြစ်ကြောင်း၊ လမ်းဘေး ရေမြောင်းများ ရေစီးရေလာကောင်းမွန်ရေးနှင့် အသုံးပြုသောယာဉ်များ လမ်းမကြီးဥပဒေကို လိုက်နာဆောင်ရွက်ရေး ကြပ်မတ်ရန်ဖြစ်ကြောင်းဖြင့် မှာကြားသည်။

ထို့နောက် ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာကြပြီး ပဲခူးရိုးမအတွင်း သစ်တောရေးရာဝန်ကြီးဌာန သစ်တောဦးစီးဌာနက သစ်တောထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု၊ သစ်တောစိုက်ခင်းများ ထူထောင်ထားရှိမှုနှင့် ပုဂ္ဂလိကကျွန်းစိုက်ခင်းများ ဖြစ်ထွန်းမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးကာ ညနေပိုင်းတွင် ပြည်မြို့သို့ ရောက်ရှိကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဩဂုတ် ၂၂ ရက် နံနက်ပိုင်းတွင် ပြည်မြို့ရှိ ရွှေတံခါးဘူတာ၌ ကျင်းပသည့် ပြည်(ရွှေတံခါး)-ပေါက်ခေါင်း ရထားလမ်းပိုင်းသစ် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေး ချီးမြှင့်ကြပြီးနောက် မော်တော်ယာဉ်များဖြင့် ထွက်ခွာခဲ့ရာ ပြည်ခရိုင် ပေါက်ခေါင်းမြို့နယ် ကင်ပွန်းခြံကျေးရွာအုပ်စု ရေဖြူကျေးရွာရှိ ခေတ္တရာဟသာ ဆန်စပါးအထူးပြုကုမ္ပဏီလီမိတက်၏ စိုက်ပျိုးရေးပညာပေးစခန်းသို့ ရောက်ရှိကြသည်။

တွေ့ဆုံမှာကြား

ထို့နောက် ဝန်ကြီးချုပ်သည် ကင်ပွန်းခြံကျေးရွာအုပ်စုမှ ဒေသခံပြည်သူများနှင့် တောင်သူများအားတွေ့ဆုံ၍ စိုက်ပျိုးရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးဆိုင်ရာ သိလိုသည်များကို မေးမြန်းကာ လိုအပ်သည်များ ဖြည့်ဆည်း စီမံဆောင်ရွက်ပေးပြီး စီးပွားရေးဘဝဖွံ့ဖြိုးတိုးတက်အောင် အလုပ်ကို ကြိုးစားလုပ်ကိုင်ရန်ဖြစ်ကြောင်း၊ မိမိတို့ပင်ပန်းကြီးစွာဖြင့် ရှာဖွေရရှိထားသောငွေများကို စနစ်တကျသုံးစွဲပြီး ချွေတာစုဆောင်း၍ လူမှုဘဝ ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ရန်ဖြစ်ကြောင်းနှင့် ကလေးများ အတန်းပညာပြီးဆုံးအောင် သင်ကြားရေးကို အားပေးဆောင်ရွက်သွားရန် ဖြစ်ကြောင်း မှာကြားသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် ဒေသခံတောင်သူများ၏ မိုးစပါး စုပေါင်းမြေဩဇာကြဲပက်နေမှုကို ကြည့်ရှုအားပေးပြီး ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထို့နောက် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် သာယာဝတီခရိုင် အုတ်ဖိုမြို့နယ် ပန်းတင်ကျေးရွာရှိ တောင်သူဦးဝင်းဦး၏ လယ်မြေ၌ ကျင်းပသည့် မိုးစပါးပေါင်းလိုက် တမန်းနှိုး မြေဩဇာကြဲပက်ပွဲ အခမ်းအနားသို့ ရောက်ရှိကြသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ရှေးဦးစွာ ဝန်ကြီးချုပ်သည် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်၍ စီးပွားရေး တိုးတက်မြင့်မားရန် ပေါင်းစည်းလယ်ယာစနစ်ကို ဆောင်ရွက်ရန်ဖြစ်ကြောင်း၊ မိမိတို့ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်က တည်ဆောက်ပေးထားသည့် အခြေခံအဆောက်အအုံများ ရေရှည်တည်တံ့အောင် ဝိုင်းဝန်း ကာကွယ်စောင့်ရှောက်ရေးနှင့် ရရှိထားသည့်တည်ငြိမ်အေးချမ်းမှုကို အုပ်ချုပ်ရေး တာဝန်ရှိသူများနှင့် ပူးပေါင်းပြီး ဆက်လက်ထိန်းသိမ်းစောင့်ရှောက်သွားကြရမည်ဖြစ်ကြောင်း စသည်ဖြင့် မှာကြားသည်။

နိုင်ငံတော် ဝန်ကြီးချုပ် ဦးသိန်းစိန် အုတ်ဖိုမြို့နယ် ပန်းတင်ကျေးရွာရှိ တောင်သူဦးဝင်းဦး၏ စပါးခင်းအတွင်း ပေါင်းလိုက်နေမှု၊ တမန်းနှိုးနေမှုနှင့် မြေဩဇာကြဲပက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးစဉ်။
(သတင်းစဉ်)

ဆက်လက်၍ ဝန်ကြီးချုပ်သည် စပါးခင်းတွင် ပေါင်းလိုက်နေမှု၊ တမန်းနှိုးနေမှုနှင့် မြေဩဇာကြဲပက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး အဆိုပါဒေသမှ စိုက်ပျိုးထွက်ရှိသည့် ပဲ၊ မြေပဲ၊ နှမ်းနှင့် စပါးနမူနာများ ခင်းကျင်း ပြသထားမှုကို ကြည့်ရှုစစ်ဆေးသည်။

စိုက်ပျိုးပြီးစီး

ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း)ရှိ ပြည်ခရိုင်နှင့် သာယာဝတီခရိုင်တို့တွင် မိုးစပါးစိုက်ဧက စုစုပေါင်း ၁၂၇၇၃၈၄ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပြီး လျာထားစိုက်ဧက၏ ၉၇ ဒသမ ၈၈ ရာခိုင်နှုန်းဖြစ်ကြောင်း သိရှိရသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မင်းလှမြို့နယ် စိန်ကန့်လန့်ကျေးရွာရှိ မင်းလှ- စိန်ကန့်လန့်- မြို့ချောင်း- ပိန်းဇလုတ်(ပဲနွယ်ကုန်း)လမ်း ဖောက်လုပ်ရေး စီမံကိန်းရှင်းလင်းဆောင်သို့ ရောက်ရှိကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ်အား ဝန်ကြီး ဦးခင်မောင်မြင့်က ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အထူးစီမံကိန်းကြီးများ တည်ဆောက်ရေးအဖွဲ့(၁)က တာဝန်ယူ ဖောက်လုပ်လျက်ရှိသည့် မင်းလှ-စိန်ကန့်လန့်- မြို့ချောင်း-ပိန်းဇလုတ်(ပဲနွယ်ကုန်း) လမ်း၏ တည်နေရာနှင့် လမ်းအူကြောင်းအခြေအနေ၊ လုပ်ငန်းများဆောင်ရွက်နေမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

စနစ်တကျဆောင်ရွက်

တင်ပြချက်များနှင့် စပ်လျဉ်း၍ ဝန်ကြီးချုပ်က လိုအပ်သည်များ ဖြည့်ဆည်းစီမံဆောင်ရွက်ပေးပြီး လမ်းစီမံကိန်းကို သတ်မှတ်ချိန်အမီပြီးစီးရေးနှင့် လုပ်ငန်းများ တစ်ချိန်တည်းတစ်ပြိုင်တည်းပြီးစီးအောင် စနစ်တကျ စီမံဆောင်ရွက်ရန်ဖြစ်ကြောင်း မှာကြားသည်။

မင်းလှ- စိန်ကန့်လန့်- မြို့ချောင်း-ပိန်းဇလုတ်(ပဲနွယ်ကုန်း) လမ်းသည် လမ်းအရှည် ၈၆ မိုင် ၆ ဖာလုံရှိပြီး ပဲခူးရိုးမကို ဖြတ်ကျော်ဆက်သွယ်သည့်လမ်းဖြစ်သည်။ယခုအခါ လမ်းအူကြောင်းရှာဖွေခြင်းနှင့် တစ်ကြောင်းထိုး လမ်းဖောက်လုပ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ပြီးစီးပြီဖြစ်၍ မြေတိုင်းတာပုံစံထုတ်ခြင်း၊ တောရှင်းခြင်းနှင့် အပေါ်ယံမြေလွှာဖယ်ရှားခြင်း၊ မြေဖို့ခြင်း၊ မြေဖြတ်ခြင်း၊ မြေဖိသိပ်ခြင်းလုပ်ငန်းများနှင့် ကျောက်ခင်းခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

ထိုမှတစ်ဆင့် ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်ရှိ တိုက်ကြီး-ဖောင်ကြီး-ပဲခူး လမ်းဖောက်လုပ်ရေးစီမံကိန်း ရှင်းလင်းဆောင်သို့ ရောက်ရှိကြသည်။

နိုင်ငံတော် ဝန်ကြီးချုပ်အား ဝန်ကြီး ဦးခင်မောင်မြင့်က ပဲခူးရိုးမကို ဖြတ်ကျော်၍ တိုက်ကြီးမြို့နှင့် ပဲခူးမြို့တို့ကို ဆက်သွယ်ပေးမည့် တိုက်ကြီး-ဖောင်ကြီး-ပဲခူးလမ်းကို ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ဆောက်လုပ်ရေးအဖွဲ့များက ကတ္တရာလမ်းအဖြစ် ဖောက်လုပ်နေမှုအခြေအနေကို ရှင်းလင်းတင်ပြပြီး ရန်ကုန်တိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ **စာမျက်နှာ ၅ ကော်လံ ၁ သို့** ❖

ပြည်ခရိုင် ပေါက်ခေါင်းမြို့နယ် ကင်ပွန်းခြံကျေးရွာအုပ်စုမှ ဒေသခံတောင်သူများ မိုးစပါး စုပေါင်း မြေဩဇာကြဲပက်နေမှုကို တွေ့ရစဉ်။
(သတင်းစဉ်)

ရှင်းလင်းတင်ပြ

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်အား ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်က မင်းလှ-စိန်ကန့်လန့်-မြို့ချောင်း-ပိန်းဇလုတ် (ပဲနွယ်ကုန်း) လမ်း၏ တည်နေရာနှင့် လမ်းအူကြောင်းအခြေအနေ၊ လုပ်ငန်းများဆောင်ရွက်နေမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြစဉ်။

(သတင်းစဉ်)

အထွက်တိုးစပါးမျိုးများရရှိအောင် သုတေသနပြုပြီး မျိုးများထုတ်လုပ် အထွက်နှုန်းကောင်းစပါးမျိုးများကို တောင်သူများသို့ ဖြန့်ဝေပေး

❖ စာမျက်နှာ ၄ မှ

ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ဝင်းမြင့်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

တင်ပြချက်များနှင့် စပ်လျဉ်း၍ ဝန်ကြီးချုပ်က လမ်းကို သတ်မှတ်ကာလအတွင်း စံချိန်စံညွှန်း ပြည့်မီစွာဖြင့် ပြီးစီးအောင် ဖောက်လုပ်ရန်ဖြစ်ကြောင်း မှာကြားသည်။

လမ်းအရှည် ၄၂ မိုင် ၇ ဖာလုံရှိ အဆိုပါလမ်းကို မြေသားလမ်း အကျယ် ၃၄ ပေနှင့် ၁၂ ပေအကျယ် ကတ္တရာလမ်းအဖြစ် ဖောက်လုပ်လျက်ရှိသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် ရန်ကုန်မြောက်ပိုင်းခရိုင် မှော်ဘီမြို့ရှိ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မြန်မာ့ဆန်စပါးသုတေသနဌာန၏ သုတေသန စိုက်ကွင်းသို့ ရောက်ရှိပြီး ခင်းကျင်းပြသထားသည့် ဘိုကာရှီသဘာဝမြေဩဇာ၊ တီကျစ်မြေဆွေးနှင့် EM အရည်ဖျန်း မြေဩဇာများကို လည်းကောင်း၊ စပါးမျိုးများ၏ အရည်အချင်းလက္ခဏာများ မှတ်တမ်းတင်ခြင်း ဆောင်ရွက်ထားရှိမှုနှင့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများမှ စပါးမျိုးများ၏ အထွက်နှုန်းနှင့် ရောဂါပိုးမွှားဒဏ်ခံနိုင်မှု နှိုင်းယှဉ်လေ့လာမှု အခြေအနေတို့ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးရာ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ တာဝန်ရှိသူများက လိုက်လံရှင်းလင်း ပြသကြသည်။

ယင်းနောက် ဝန်ကြီးချုပ်က အထွက်တိုးစပါးမျိုးများရရှိအောင် သုတေသနပြုပြီး မျိုးများထုတ်လုပ်ရေး၊ အထွက်နှုန်းကောင်းစပါးမျိုးများကို တောင်သူများသို့ ဖြန့်ဝေပေးရန်ဖြစ်ကြောင်းနှင့် တောင်သူများ နည်းစနစ်မှန်ကန်စွာ စိုက်ပျိုးနိုင်ရန် ပညာပေးဆောင်ရွက်သွားရန်ဖြစ်ကြောင်း တာဝန်ရှိသူများအား မှာကြားသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာလာပြီး ညနေပိုင်းတွင် ရန်ကုန်မြို့သို့ ရောက်ရှိကြသည်။

(သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် မှော်ဘီမြို့ရှိ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မြန်မာ့ဆန်စပါး သုတေသနဌာန၏ သုတေသနစိုက်ကွင်း၌ ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

မြန်မာနိုင်ငံ တောင်ပိုင်းဒေသများ မိုးပိုလာနိုင်

နေပြည်တော် ဩဂုတ် ၂၃

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော၂၄ နာရီအတွင်းက ချင်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား၊ ရခိုင်ပြည်နယ်၊စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲ၊ ကချင်ပြည်နယ်၊ မွန်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး မွန်ပြည်နယ်တွင် ဒေသအလိုက်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ** နေပြည်တော်(လေဆိပ်)တွင် သုည ဒသမ ၉၅ လက်မ၊ ဘီးလင်းမြို့တွင် ၃ ဒသမ ၂၃ လက်မ၊ သိမ်ဇရပ်မြို့တွင် ၃ ဒသမ ၁၉ လက်မ၊ မြိတ်မြို့တွင် ၂ ဒသမ ၇၂ လက်မ၊ ပခုက္ကူမြို့တွင် ၂ ဒသမ ၄၈ လက်မ၊ ကော့သောင်းမြို့တွင် ၂ ဒသမ ၄၀ လက်မ၊ မုံရွာမြို့တွင် ၂ ဒသမ ၃၂ လက်မ၊ အမ်းမြို့တွင် ၂ ဒသမ ၁၇ လက်မ၊ သံတွဲမြို့နှင့် ဇောင်းတူမြို့တို့တွင် ၁ ဒသမ ၈၁ လက်မစီနှင့် ပူတာအိုမြို့တွင် ၁ ဒသမ ၆၆ လက်မတို့ဖြစ်ကြသည်။

ထူးခြားသည့် အခြေအနေ ။ ။ ယနေ့ နံနက် မြန်မာစံတော်ချိန် ၁၀ နာရီခွဲအချိန် တိုင်းထွာချက်များအရ တောင်တရုတ်ပင်လယ်ပြင်တွင် ဖြစ်ပေါ်နေသော အားကောင်းသည့် အပူပိုင်းမုန်တိုင်း မင်ဒူလီသည် ဗီယက်နမ်နိုင်ငံ ဒါနန်းမြို့၏ အရှေ့ဘက် မိုင် ၁၂၀ ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။ အဆိုပါ မုန်တိုင်းသည် နောက် ၄၈ နာရီအတွင်း ဗီယက်နမ်နိုင်ငံ ကမ်းခြေကို ဖြတ်ကျော်ဝင်ရောက်မည်ဟု ခန့်မှန်းရသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအနည်းငယ်မှ အားအသင့်အတင့်ရှိနေသည်။

ဩဂုတ် ၂၄ ရက် ညနေထိခန့်မှန်းချက်။ ။ ကယားပြည်နယ်၊ ကရင်ပြည်နယ်တို့တွင် နေရာကွက်ကျား၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲ၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင်။ ။ လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။ မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် မိုးပိုလာနိုင်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ် နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ် နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ဖြစ်ပေါ်ခဲ့သော မိုးလေဝသအခြေအနေ

အမြင့်ဆုံးအပူချိန် (၂၈ဒသမသုညဒီဂရီစင်တီဂရိတ်) ၈၂ ဒီဂရီဖာရင်ဟိုက်		၂၂-၈-၂၀၁၀
အနိမ့်ဆုံးအပူချိန် (၂၅ဒသမသုညဒီဂရီစင်တီဂရိတ်) ၇၇ ဒီဂရီဖာရင်ဟိုက်		၂၃-၈-၂၀၁၀
၉း၃၀ နာရီအချိန် စိုထိုင်းဆ ၉၂ ရာခိုင်နှုန်း		၂၃-၈-၂၀၁၀
မိုးရေချိန်	သုည ဒသမ ၄၇ လက်မ	၂၃-၈-၂၀၁၀

တတိယအကြိမ် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ညှိနှိုင်းအစည်းအဝေးကျင်းပ

ရန်ကုန် ဩဂုတ် ၂၃

တတိယအကြိမ် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း စာတမ်းဖတ်ပွဲနှင့် ယာဉ်မတော်တဆမှုကြောင့် ဒဏ်ရာရသေဆုံးသူများ အမှတ်တရနေ့ အခမ်းအနားကျင်းပနိုင်ရေး ပထမအကြိမ် အစည်းအဝေးကို ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့၊ ကြို့မဲ့ကြေးနန်းနှင့် ယာဉ်ထိန်းတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ပြီး ရန်ကုန်တိုင်းဒေသကြီး ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ ဒုတိယဥက္ကဋ္ဌ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ တွဲဖက်အတွင်းရေးမှူး ဦးကျော်စိုးနှင့် ရန်ကုန်တိုင်းဒေသကြီး ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီဝင်များ၊ ယာဉ်စည်းကမ်းထိန်းသိမ်းရေးနှင့် သက်ဆိုင်သည့်ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီ(ဗဟို)မှ တာဝန်ရှိသူများ၊ ခရီးသည်တင် ယာဉ်လိုင်းအသီးသီးမှ ကိုယ်စားလှယ်များ၊ အငြိမ်းစား အရာရှိကြီးများနှင့် စာရေးဆရာများ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

(ကြေးမုံ)

နိုင်ငံတစ်ဝန်း ဘိန်းခင်း ၂၀၃၈၇ ဒသမ ၀၄ ဧက ဖျက်ဆီးနိုင်ခဲ့ပြီးဖြစ်

နေပြည်တော် ဩဂုတ် ၂၃

၂၀၀၉ - ၂၀၁၀ ခုနှစ် ဘိန်းစိုက်ရာသီအတွင်း ဘိန်းခင်းများ ရှာဖွေဖျက်ဆီးလျက်ရှိရာ ၂၀၀၉ ခုနှစ် စက်တင်ဘာ ၁ ရက်မှ ၂၀၁၀ ခုနှစ် ဩဂုတ် ၁၃ ရက်အထိ ဘိန်းခင်း ၂၀၃၈၄ ဒသမ ၀၄ ဧက ဖျက်ဆီးနိုင်ခဲ့ပြီးဖြစ်ကြောင်း၊ ၂၀၁၀ ခုနှစ် ဩဂုတ် ၁၄ ရက်မှ ၂၀ ရက်အထိ ရှမ်းပြည်နယ် (တောင်ပိုင်း) လွိုင်လင်မြို့နယ် နောင်တောင်းကျေးရွာအနီး၌ ဘိန်းခင်းသုံးဧက ထပ်မံဖျက်ဆီးနိုင်ခဲ့သဖြင့် စုစုပေါင်း ဘိန်းခင်းဖျက်ဆီးနိုင်မှုမှာ ၂၀၃၈၇ ဒသမ ၀၄ ဧက ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ကြိုတင်အားဖြည့် ကွန်ကရစ်ဇလီဖားစက်ရုံ(ဥသျှစ်ပင်)ဖွင့်လှစ် စက်ရုံမှ တစ်ရက်ပျမ်းမျှ ကွန်ကရစ်ဇလီဖားတုံး ၆၀၀၊ တစ်နှစ်လျှင် နှစ်သိန်းထုတ်လုပ်နိုင်မည်

နေပြည်တော် ဩဂုတ် ၂၃

ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားက တာဝန်ယူတည်ဆောက်ခဲ့သည့် ကြိုတင်အားဖြည့် ကွန်ကရစ်ဇလီဖားစက်ရုံ(ဥသျှစ်ပင်) ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၂၃ ရက် နံနက် ၇ နာရီခွဲတွင် ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပန်းတောင်းမြို့နယ် ဥသျှစ်ပင်မြို့ရှိ အဆိုပါစက်ရုံဥပစာ၌ ကျင်းပရာ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးအောင်မင်းနှင့် ပဲခူးတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးချုပ်စိန်မြင့်တို့ တက်ရောက်အမှာစကား ပြောကြားပြီး ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ရှေးဦးစွာ ဝန်ကြီးက အမှာစကားပြောကြားရာတွင် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက နိုင်ငံအတွက် အမြဲတမ်းမှန်ကန်နေမည့် မူဝါဒတစ်ရပ် ချမှတ်ပေးခဲ့ကြောင်း၊ ယင်းမှာ(၁) ပြည်ထောင်စုမပြိုကွဲရေး၊ (၂)တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် (၃)အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဆိုသည့် ဒို့တာဝန်အရေးသုံးပါးပင် ဖြစ်ကြောင်း၊ ပြည်ထောင်စုကြီးအတွင်း တိုင်းရင်းသားလူမျိုးပေါင်းစုံ စုပေါင်းနေထိုင်ကြကြောင်း၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုပြိုကွဲလျှင် ပြည်ထောင်စုကြီးပြိုကွဲမည်ဖြစ်ကြောင်း၊ တိုင်းရင်းသားများ စည်းလုံးညီညွတ်ရန်နှင့် စစ်မှန်သည့် မျိုးချစ်စိတ်ဓာတ်ရှိရန် လိုအပ်ကြောင်း။

ပြည်ထောင်စုစိတ်ဓာတ်ရှိရန် တိုင်းရင်းသားအားလုံးသည် ယုံကြည်ချက်၊ ခံယူချက်၊ အတွေးအခေါ်များ တူညီရန်လိုကြောင်း၊ ယင်းသို့ တူညီနေရန် တိုင်းရင်းသားများအားလုံး အမြဲထိတွေ့ဆက်ဆံနေကြရန်ဖြစ်ကြောင်း၊ ထိုသို့ ထိတွေ့နေရန် ကားလမ်း၊ ရထားလမ်းများသည် မရှိမဖြစ်သည့် အဓိကလိုအပ်ချက်ဖြစ်ကြောင်း။

ထို့ကြောင့် နိုင်ငံတော်အကြီးအကဲက ပြည်နယ်နှင့်တိုင်းဒေသကြီး အားလုံးကို ရထားလမ်းများ ဖောက်လုပ်ခိုင်းခဲ့ခြင်းဖြစ်ကြောင်း၊ ရထားလမ်းများ အားလုံးပြီးသွားလျှင် အမျိုးသားမီးရထားကွန်ရက်ကြီး ဖြစ်လာတော့မည်ဖြစ်ကြောင်း၊ ယင်းလမ်းများမှာ-

စဉ်	စီမံကိန်းအမည်	ခရီးမိုင်	ဖောက်လုပ်ပြီး	ဖောက်လုပ်ရန်ကျန်
၁။	ကြံခင်း-ပခုက္ကူ	၃၂၀	၂၀၄	၁၁၆
၂။	မင်းဘူး-အမ်း-စစ်တွေ	၂၅၇	၃၄	၂၂၃
၃။	ကသာ-ဗန်းမော်	၉၈	၁၇	၈၁
၄။	ပျော်ဘွယ်-နတ်မောက်-မကွေး	၉၅	၃၀	၆၅
၅။	မိုးနဲ-ကျိုင်းတုံ	၂၂၆	-	၂၂၆
၆။	ထားဝယ်-မြိတ်	၁၃၂	-	၁၃၂
၇။	ပုသိမ်-ဘဲကရက်-လှိုင်သာယာ	၈၉	-	၈၉
၈။	ဟင်္သာတ-ညောင်တုန်း	၄၈	၁၆	၃၂
၉။	ပြည်-တောင်ငူ	၁၂၀	၂၀	၁၀၀
၁၀။	နေပြည်တော်-တပ်ကုန်း-ပင်လောင်း	၁၂၀	-	၁၂၀
၁၁။	မြစ်ကြီးနား-ဗန်းမော်-သီပေါ-နမ့်စန်	၄၇၅	-	၄၇၅
၁၂။	ကလေး-ကလေးဝ-ယာကြီး-မုံရွာ	၁၃၅	-	၁၃၅
၁၃။	တောင်ငူ-ယာဒို-လွိုင်ကော်	၁၅၀	-	၁၅၀
	စုစုပေါင်း	၂၂၆၅	၃၂၁	၁၉၄၄
	ဖောက်လုပ်ရန်ခရီးမိုင်			၂၂၆၅ မိုင်
	ဖွင့်လှစ်ပြီးခရီးမိုင်			၃၂၁ မိုင်
	ဆောင်ရွက်ဆဲခရီးမိုင်			၁၉၄၄ မိုင်

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးအောင်မင်း၊ ပဲခူးတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးချုပ်စိန်မြင့်နှင့် ဒုတိယဝန်ကြီးများဖြစ်ကြသည့် သူရဦးသောင်းလွင်နှင့် ဦးဖေသန်းတို့ ကြိုတင်အားဖြည့် ကွန်ကရစ်ဇလီဖားစက်ရုံ (ဥသျှစ်ပင်)ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။

(သတင်းစဉ်)

နေရမည်ဖြစ်ပြီး တစ်နှစ်လျှင် ဇလီဖားတုံး ၃၃၀၁၃၇၀ ခန့် လိုအပ်မည်ဖြစ်ကြောင်း။

ထို့ကြောင့် နိုင်ငံတော်အကြီးအကဲက အမြော်အမြင်ကြီးစွာဖြင့် ကွန်ကရစ်ဇလီဖားစက်ရုံများကို အောက်ပါအတိုင်း တည်ဆောက်ပေးနေခြင်း ဖြစ်ကြောင်း ၎င်းတို့မှာ-

(၁)မြစ်ငယ်စက်ရုံ သုံးသိန်း၊(၂) ပြွန်တန်ဆာစက်ရုံတစ်သိန်း၊ (၃)မုတ္တမစက်ရုံ နှစ်သိန်း၊ (၄)ပခုက္ကူစက်ရုံ နှစ်သိန်း၊ (၅) ဥသျှစ်ပင်စက်ရုံ နှစ်သိန်း၊(၆)ခင်ဦးစက်ရုံ နှစ်သိန်း၊ (၇)မင်းဘူးစက်ရုံ နှစ်သိန်း၊ (၈)ရွှေညောင်စက်ရုံနှစ်သိန်း၊ (၉)ဗန်းမော်စက်ရုံ နှစ်သိန်း၊ (၁၀)သီပေါစက်ရုံ နှစ်သိန်း၊ (၁၁)နမ့်စန်စက်ရုံနှစ်သိန်းတို့ ဖြစ်ကြောင်း။

စက်ရုံများအားလုံး ပြီးစီးသွားပါက တစ်နှစ်လျှင် ကွန်ကရစ်ဇလီဖား ၂၂ သိန်း ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း၊ ယခုအချိန်တွင် နှစ်စဉ် မြစ်ငယ်စက်ရုံမှ သုံးသိန်း၊ ပြွန်တန်ဆာစက်ရုံမှ တစ်သိန်း၊ မုတ္တမစက်ရုံမှနှစ်သိန်း၊ ပခုက္ကူစက်ရုံမှနှစ်သိန်း၊ ယနေ့ဖွင့်လှစ်မည့် ဥသျှစ်ပင်စက်ရုံမှ နှစ်သိန်း စုစုပေါင်းစက်ရုံငါးရုံမှ ကွန်ကရစ်ဇလီဖားတုံးရေ ၁၀ သိန်း ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း၊ ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ဥသျှစ်ပင်မြို့၌ တည်ဆောက်ခဲ့သည့် ကြိုတင်အားဖြည့် ကွန်ကရစ်ဇလီဖားစက်ရုံကို ၂၀၀၈ ခုနှစ် ဩဂုတ် ၁၅ ရက်တွင် စတင်တည်ဆောက်ခဲ့ပြီး ယခုနှစ် ဇွန်လအတွင်း စမ်းသပ်လည်ပတ်ထုတ်လုပ်နိုင်၍ ယနေ့တွင် ဖွင့်လှစ်နိုင်ခဲ့သည့်အတွက် တည်ဆောက်ချိန်နှစ်နှစ် ကြာမြင့်ခဲ့ကြောင်း၊ ကြိုတင်အားဖြည့် ကွန်ကရစ်ဇလီဖားစက်ရုံ(ဥသျှစ်ပင်)၏ အကျယ်အဝန်း ဧရိယာမှာ ၁၅ ဒသမ ၀၉ ဧကဖြစ်ကြောင်း၊ စက်ရုံမှ တစ်ရက်ပျမ်းမျှ ကွန်ကရစ်ဇလီဖားတုံး ၆၀၀၊ တစ်နှစ်လျှင် နှစ်သိန်း ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း ပြောကြားသွားသည်။

ဆက်လက်၍ ပဲခူးတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးချုပ်စိန်မြင့်က အမှာစကားပြောကြားရာတွင် ဥသျှစ်ပင်ဒေသတွင် ဤစက်ရုံကြီးကို တည်ဆောက်ဖွင့်လှစ်ပေးနိုင်ခဲ့သည့်အတွက် ဒေသခံပြည်သူများအနေဖြင့် အလုပ်အကိုင်များ ရရှိလာမည်ဖြစ်ရာ မိသားစုအကျိုး၊ မြို့နယ်အကျိုး၊ နိုင်ငံ့အကျိုးကို ကျရာအခန်းကဏ္ဍက မဆုတ်မနစ်သော ဇွဲလုံ့လတို့ဖြင့် ဒေသခံပြည်သူများက တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားလိုကြောင်း၊ မိမိတို့ပဲခူးတိုင်းဒေသကြီးသည် ပဲခူးရိုးမကြောင့် အရှေ့နှင့်အနောက် အတားအဆီးသဖွယ် ပိုင်းခြားနေကြောင်း၊ ယင်းပဲခူးရိုးမကို ဖြတ်ကျော်ပြီး အရှေ့နှင့်အနောက် ဆက်သွယ်သွားလာနိုင်မည့် ပြည်-ပေါက်ခေါင်း - အုတ်တွင်း - တောင်ငူ ကားလမ်းကို ထပ်မံဖောက်လုပ်ပေးခဲ့ပြီး ရထားလမ်းအနေဖြင့် ဖောက်လုပ်နေသည့် ပြည်(ရွှေတံခါး)-တောင်ငူ (ကျေးတော)-နေပြည်တော် ရထားလမ်းမကြီးကို ဖောက်လုပ်လျက်ရှိရာ ယမန်နေ့က ယင်းရထားလမ်းမကြီး၏ ပထမဆုံးခြေလှမ်းအစိတ်အပိုင်းဖြစ်သည့် အရှည်မိုင် ၂၀ ရှိ ပြည်(ရွှေတံခါး)-ပေါက်ခေါင်း-ရထားလမ်းပိုင်းကို အောင်မြင်စွာ ဖွင့်လှစ်ပေးနိုင်ခဲ့ပြီဖြစ်ကြောင်း၊ နိုင်ငံတော်အကြီးအကဲက ဧရာဝတီမြစ်အနောက်ဘက်ခြမ်းဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းပန်းဆက်သွယ်မှုဆိုင်ရာ ကားလမ်း၊ ရထားလမ်းနှင့် မြစ်ကူးတံတားများကို ဖောက်လုပ် တည်ဆောက်ဆောင်ရွက်ခဲ့ရာ ကားလမ်းအနေဖြင့် ပုသိမ်-မုံရွာ ကားလမ်းမကြီးကိုလည်း ဖောက်လုပ်ပေးပြီးဖြစ်ကြောင်း၊ ထပ်မံပြီး ရထားလမ်းအနေဖြင့် ရှိပြီးသား ပုသိမ်-ကြံခင်း ရထားလမ်းမှ ပခုက္ကူအထိ ရောက်ရှိနိုင်မည့် ပုသိမ်-ကြံခင်း-ပခုက္ကူ ရထားလမ်းပိုင်းကြီးကိုလည်း ရထားပို့ဆောင်ရေးဝန်ကြီးဌာနက အပိုင်းလိုက်တာဝန်ယူဖောက်လုပ်ပေးလျက်ရှိကြောင်း၊ ဟင်္သာတမှ ညောင်တုန်းအထိ ရထားလမ်းများ ဖောက်လုပ်လျက်ရှိရာကွန်ကရစ်ဇလီဖားသည် ရထားလမ်းအတွက် **စာမျက်နှာ ၇ ကော်လံ ၁ သို့**◆

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးအောင်မင်းနှင့် ပဲခူးတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးချုပ်စိန်မြင့်တို့ ကြိုတင်အားဖြည့်ကွန်ကရစ်ဇလီဖားစက်ရုံ (ဥသျှစ်ပင်)အတွင်း ကွန်ကရစ်ဇလီဖားထုတ်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

ဤစက်ရုံကြီးကို တည်ဆောက် ဖွင့်လှစ်ပေးနိုင်ခဲ့သည့်အတွက် ဒေသခံပြည်သူများအနေဖြင့် အလုပ်အကိုင်များ ရရှိလာမည်ဖြစ်ရာ မိသားစုအကျိုး၊ မြို့နယ်အကျိုး၊ နိုင်ငံ့အကျိုးကို ကျရာအခန်းကဏ္ဍက မဆုတ်မနစ်သော ဇွဲလုံ့လတို့ဖြင့် ဒေသခံပြည်သူများက တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်။

ပြောင်းလဲသုံးစွဲ

ဆောင်ရွက်ဆဲ ရထားလမ်းမကြီးခရီးမိုင် ၁၉၄၄ မိုင်ကိုလည်း အမြန်ဆုံးဆောင်ရွက်ပြီး အပိုင်းလိုက် ဖွင့်လှစ်နိုင်ရေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထိုရထားလမ်းများအားလုံး ပြီးစီးသွားပါက မြန်မာ့မီးရထား အနေဖြင့် ခရီးမိုင် ၅၄၃၅ မိုင်၊ သံလမ်းမိုင် ၆၇၄၃ မိုင်ရှိလာမည်ဖြစ်ကြောင်း၊ ရထားလမ်းတစ်မိုင်တွင် ဇလီဖားတုံး ၁၄၄၈ တုံး ခင်းကျင်းရမည်ဖြစ်ပြီး ရထားလမ်းသံလမ်းမိုင် ၆၇၄၃ မိုင်အတွက် ဇလီဖားတုံး ၁၆၅၀၆၈၆၄ တုံး ခင်းကျင်းရမည်ဖြစ်ကြောင်း၊ သစ်သားဇလီဖားတုံး၏ ခံနိုင်ရည်မှာ ငါးနှစ်သက်တမ်းရှိ၍ ရထားလမ်းများ အမြဲတောင့်တင်းခိုင်မာနေရန်အတွက် ငါးနှစ်တစ်ကြိမ် အဟောင်း၊ အသစ်လဲလှယ်

ဝန်ကြီး ဦးစိုးသိန်းအား အိန္ဒိယသမ္မတနိုင်ငံသံအမတ်ကြီး လာရောက်တွေ့ဆုံ

နေပြည်တော် ဩဂုတ် ၂၃

အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသိန်းအား ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး ဒေါက်တာဗီလာဆွန်ဒါရာရာဂျမ်ရေှရှာဒရီသည် ဩဂုတ်၂၂ရက် မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ အမှတ်(၁) မော်တော်ယာဉ်ထုတ်လုပ်မှုစက်ရုံ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် အိန္ဒိယသမ္မတနိုင်ငံ TA TA Motors Ltd. နှင့် ပူးပေါင်းအကောင်အထည်ဖော်လျက်ရှိသည့် အကြီးစား ကုန်တင်ယာဉ်ထုတ်လုပ်မှုစက်ရုံ (မကွေး)ကို သတ်မှတ်ကာလအတွင်း ပြီးစီးရေး၊ စက်မှုသင်တန်းကျောင်း (ပခုက္ကူ) ဖွင့်လှစ်လျက်ရှိသော အခြေအနေများနှင့် လယ်ယာသုံးစက်ပစ္စည်းကိရိယာများ ထုတ်လုပ်မှုလုပ်ငန်းဆောင်ရွက်ရာတွင် အိန္ဒိယ သမ္မတနိုင်ငံအစိုးရနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

ကျန်းမာရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာကျော်မြင့် ရန်ကုန်မြို့ မြောက်ဥက္ကလာပအထွေထွေရောဂါကု ဆေးရုံကြီး၌ ကြည့်ရှုစစ်ဆေးစဉ်။
(သတင်းစဉ်)

ဝန်ကြီး ဒေါက်တာကျော်မြင့် ရန်ကုန်မြို့ရှိ ပြည်သူ့ဆေးရုံကြီးများ လှည့်လည်ကြည့်ရှုစစ်ဆေး

နေပြည်တော် ဩဂုတ် ၂၃

ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်သည် ယမန်နေ့နံနက် ၉နာရီခွဲတွင် ရန်ကုန်မြို့ မြောက်ဥက္ကလာပ အထွေထွေရောဂါကုဆေးရုံကြီးသို့ သွားရောက်၍မျက်စိကုသဌာန ကွန်ပျူတာစမ်းသပ်စက်များ အသုံးပြုနိုင်မှု၊ မွေးကင်းစ ကလေးဆောင်ရှိ မွေးကင်းစ ကလေးအထူးကုသခန်းများ၊ ရောဂါဗေဒဓာတ်ခွဲဌာန၌ ဓာတ်ခွဲသင်တန်းသားများ တက်ရောက်သင်ကြားနေမှုနှင့် ဓာတ်ခွဲစမ်းသပ်စစ်ဆေးမှုလုပ်ငန်းသုံး စက်ပစ္စည်းကိရိယာများ အသုံးပြုမှုတို့ကို လည်းကောင်း၊ ဥပဒေရေးရာနှင့် ဆေးပညာဌာနစာသင်ဆောင်၊ ဓာတ်မှန်ဌာနရှိ ဓာတ်မှန်စက်များနှင့် တီဗွီဓာတ်မှန်စက် အသုံးပြုမှုတို့ကို လည်းကောင်း၊ ကလေးဆေးကုသဆောင်ရှိ အရေးပေါ်လူနာကုသခန်းနှင့် လူနာကုသခန်းများ၊ အထူးခန်း၊ ကျန်းမာရေး ပညာပေးနှင့်ကာကွယ်ဆေးထိုးဆေးခန်းနှင့် ခွဲစိတ်လူနာကုသဆောင်များကို လည်းကောင်း လှည့်လည်ကြည့်ရှု စစ်ဆေးရာ ဆေးရုံအုပ်ကြီး ဒေါက်တာဇော်ဝင်းနှင့် ပါမောက္ခ/ဌာနမှူးများက လိုက်လံရှင်းလင်းပြသကြသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ ဝန်ကြီးသည် ဆေးတက္ကသိုလ်(၂)ရန်ကုန်သို့သွားရောက်၍ အစည်းအဝေးခန်းမ၌ ပါမောက္ခချုပ် ဒေါက်တာတင့်ဆွေလတ်နှင့် ပါမောက္ခ / ဌာနမှူးများအားတွေ့ဆုံရာ ပါမောက္ခချုပ်က ဆေးပညာ သင်ကြားရေးဆိုင်ရာ ကိစ္စရပ်များနှင့် စာသင်ဆောင်များ ဆောက်လုပ်ထားရှိမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ယင်းနောက်ဝန်ကြီးကဆေးကျောင်းသားများအား ဆရာဝန်ကောင်းများဖြစ်အောင် လေ့ကျင့်သင်ကြား ပေးသွားကြရန်နှင့် ကျောင်းသားများ ငြိမ်းချမ်းစွာပညာသင်ကြားနိုင်ရေးအတွက် ဝိုင်းဝန်းကူညီကြိုးပမ်းဆောင်ရွက်ကြရန်၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆရာဝန်များအား အဓိကအလေးထား လေ့ကျင့်မွေးထုတ် ပေးသွားကြရန်နှင့် ကျန်းမာရေးစောင့်ရှောက်မှုအပြည့်အဝ စွမ်းဆောင်ပေးနိုင်သည့် မျိုးချစ်စိတ်ဓာတ်ရှိသော ဆရာဝန်ကောင်းများ လေ့ကျင့်သင်ကြား မွေးထုတ်ပေးကြရန် မှာကြားသည်။

လှည့်လည်ကြည့်ရှု

ယင်းနောက် ဆေးတက္ကသိုလ်(၂) ရန်ကုန်စာသင်ဆောင်အသစ် ပြီးစီးမှုကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ရန်ကုန်ပြည်သူ့ဆေးရုံကြီးရှိ အမျိုးသား ဆေးကုသဆောင်၊ အမျိုးသမီးဆေးကုသဆောင်၊ အထူးကြပ်မတ်ကုသခန်း၊ နှလုံးဆေးကုသဆောင်နှင့် အထူးကြပ်မတ်လူနာ ကုသဆောင်များကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် သယ်န်းကျွန်းစံပြ ဆေးရုံကြီးသို့သွားရောက် ကြည့်ရှုစစ်ဆေးရာ ဆေးရုံအုပ်ကြီး ဒေါက်တာဖြူဖြူနှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြပြီး ဝန်ကြီးက လိုအပ်ချက်များ မှာကြားဖြည့်ဆည်းညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၂၄-၈-၂၀၁၀ (အင်္ဂါနေ့)
[၁၃၇၂ ခုနှစ်၊ ဝါခေါင်လဆန်း ၁၄ ရက် (အဖိတ်နေ့)]

နံနက်ပိုင်း

၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ အောင်တော်မူ (စောမင်းနောင်၊ စိုင်းညိုမင်း၊ တေးရေး- ဗိုလ်ကလေးတင့်အောင်)
၇:၅၀ ၅။ "သမိုင်းဝင်ရှင်ကိုးရှင်ဘုရားများ"
၈:၀၅ ၆။ သံသာချိုအေးမင်္ဂလာတေး
၈:၁၅ ၇။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၈:၂၀ ၈။ နှောင်းခေတ်တေးပဒေသာ
၈:၃၀ ၉။ "ဇီဝိတဒါနသွေးလှူကြစို့"
၈:၄၀ ၁၀။ International News
၈:၄၅ ၁၁။ တေးဂီတအစီအစဉ်
၉:၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
၄:၁၀ ၂။ အကပြိုင်ပွဲ
၄:၂၀ ၃။ တေးဂီတအစီအစဉ်
၄:၃၀ ၄။ ရန်ကုန်တိုင်းဒေသကြီး၊ အမှတ်(၃) အခြေခံပညာ ဦးစီးဌာန၊ ပဉ္စမအကြိမ် ခမ္မစကြာဝတ်ရွတ်ပူဇော်ပွဲ (ပထမဆု) [အထက(၂) ဒဂုံ] (အမျိုးသမီးဝတ်ရွတ်အဖွဲ့)
၄:၄၅ ၅။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ -စတုတ္ထနှစ် (ဥပဒေပညာအထူးပြု) (ဥပဒေပညာ)
၅:၀၀ ၆။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၅:၀၅ ၇။ ကြေးမုံရိပ်သွင်တေးနုယဉ်
၅:၂၀ ၈။ "ကဏ္ဍစုံလင် အားကစားအစီအစဉ်"
၅:၄၅ ၉။ ရင်မှာစွဲထင်တေးအလှသံစဉ်
၆:၀၀ ၁၀။ ညနေခင်းသတင်း
၆:၁၅ ၁၁။ မိုးလေဝသအခြေအနေ
၆:၂၀ ၁၂။ ကြယ်ပွင့်များရဲ့ရင်ခုန်သံ
၆:၃၅ ၁၃။ ဆိုလိုက်ကြစို့
၇:၀၀ ၁၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ "မဟာဆန်သူ---ကိုယ့်ချစ်သူ" (အပိုင်း-၁၁)**
၈:၀၀ ၁၅။ ပြည်တွင်းသတင်း
၁၆။ နိုင်ငံတကာသတင်းများ
၁၇။ မိုးလေဝသအခြေအနေ
၁၈။ ငါတို့ခွန်အား (မျိုးကြီး၊ တေးရေး-လင်းလင်း)
၁၉။ "ရယ်စရာဟာသများ"
၂၀။ **နိုင်ငံခြားဇာတ်လမ်းတွဲ "အဆိပ်သင့်တဲ့အချစ်" (ဒုတိယတွဲ) (အပိုင်း-၂၁)**
၂၁။ **"ရုပ်ရှင်ပဟေဠိ"**
၂၂။ အစီအစဉ်ပြီး၏။

◆ စာမျက်နှာ ၆ မှ

နှစ်အတော်ကြာအသုံးပြုနိုင်သည့်အတွက် နိုင်ငံတော်အတွက် များစွာအကျိုးရှိမည် ဖြစ်ကြောင်း ပြောကြားသွားသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ယင်းနောက် မင်္ဂလာအချိန်တွင် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးအောင်မင်း၊ ပဲခူးတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးချုပ် စိန်မြင့်၊ ဒုတိယဝန်ကြီးများဖြစ်ကြသည့် သူရဦးသောင်းလွင်နှင့် ဦးဖေသန်းတို့က ကြိုတင်အားဖြည့်ကွန်ကရစ်ဇလီဖားစက်ရုံ (ဥသျှစ်ပင်)ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

အဆိုပါ ကြိုတင်အားဖြည့် ကွန်ကရစ် ဇလီဖားစက်ရုံ (ဥသျှစ်ပင်) ဖွင့်လှစ်နိုင်ခြင်းဖြင့်ထွက်ရှိလာမည့် ကွန်ကရစ်ဇလီဖားများကို ဧရာဝတီမြစ် အနောက်ဘက်ခြမ်းရှိ ပုသိမ်-ကြံခင်း-ပခုက္ကူ ရထားလမ်း၊ ဟင်္သာတ-ညောင်တုန်း ရထားလမ်း၊ ပုသိမ်-လှိုင်သာယာ ရထားလမ်းစီမံကိန်းများတွင် အသုံးပြုသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဖွင့်ပွဲအခမ်းအနား

ကြိုတင်အားဖြည့် ကွန်ကရစ်ဇလီဖားစက်ရုံ (ဥသျှစ်ပင်) ဖွင့်ပွဲအခမ်းအနားကို ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပန်းတောင်းမြို့နယ် ဥသျှစ်ပင်မြို့ရှိ စက်ရုံဥပစာ၌ ကျင်းပစဉ်။ (သတင်းစဉ်)

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောပွဲ မော်လမြိုင်မြို့ရှိ ကျေးရွာများ၌ ကျင်းပ

ရန်ကုန် ဩဂုတ် ၂၃

မွန်ပြည်နယ် ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ၏ စီစဉ်ကြီးကြပ်မှုဖြင့် မော်လမြိုင်မြို့နယ် ယာဉ်ထိန်းတပ်ဖွဲ့က ကြီးမှူးကျင်းပသော ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောပွဲကို ဩဂုတ် ၁၅ရက်တွင် မော်လမြိုင်မြို့နယ် ငန်းတေးကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ လည်းကောင်း၊ ဩဂုတ် ၂၀ရက်တွင် မော်လမြိုင်မြို့နယ် စမ်းကြီးကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ လည်းကောင်း ကျင်းပရာ ကျေးရွာဥက္ကဋ္ဌများက အမှာစကားပြောကြားကြပြီး မြို့နယ် ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီဝင်များက လမ်းစည်းကမ်း လိုက်နာရမည့် စည်းကမ်းချက်များ၊ စက်ဘီးစီးသူများနှင့် ခြေကျင်လျှောက်သူများ လိုက်နာရမည့် စည်းကမ်းချက်များ၊ ဆိုင်ကယ်စီးသူများ လိုက်နာရမည့် စည်းကမ်းချက်များနှင့် လက်အချက်ပြစနစ်များကို ရှင်းလင်းဟောပြောကြပြီး လမ်းစည်းကမ်း အသိပေး ဇာတ်လမ်းခွေနှင့် လက်ကမ်းစာစောင်များကို ကျေးရွာဥက္ကဋ္ဌများထံ ပေးအပ်ပြီး ကျေးရွာဥက္ကဋ္ဌများက ကျေးဇူးတင်စကားပြောကြားခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တောင်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ အငယ်တန်းအင်ဂျင်နီယာ-၂ (မြို့ပြ) ဦးကျော်သူရဆွေ ဦးစီး၍ နန်းဟူးကန်ပတ်လမ်းကျောက်ချောခင်းခြင်း လုပ်ငန်းကို အမှုဆောင်အရာရှိ ဦးအောင်မြင့်နှင့် အင်ဂျင်နီယာမှူး ဦးအောင်နိုင်ထွန်းတို့ ကွင်းဆင်းကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

သံတောင်ကြီးမြို့နယ်၌ သောင်းကျန်းသူများ ထောင်ထားသည့် မိုင်းတစ်လုံး နင်းမိသဖြင့် အပြစ်မဲ့ပြည်သူတစ်ဦး ဒဏ်ရာရရှိ

နေပြည်တော် ဩဂုတ် ၂၃

ကရင်ပြည်နယ် သံတောင်ကြီးမြို့နယ်၊ သပြေကုန်းကျေးရွာနေ ဦးစိန်မြသည် ဩဂုတ် ၂၀ ရက် မွန်းလွဲပိုင်းတွင် သပြေညွှန့်ကျေးရွာမှ မုတ္တိညောင်ကျေးရွာသို့ ငါးရှာသွားစဉ် သပြေညွှန့်ကျေးရွာနှင့် ရှစ်မိုင်ခန့်အကွာ၌ သောင်းကျန်းသူများ ထောင်ထားသည့် မိုင်းဟောင်းတစ်လုံး နင်းမိခဲ့သဖြင့် ယာခြေချင်းဝတ်အထက် ပြတ် ဒဏ်ရာရရှိခဲ့သောကြောင့် တောင်ငူမြို့နယ်ဆေးရုံသို့ ပို့ဆောင်၍ ကုသပေးလျက်ရှိကြောင်း၊ ဇန်နဝါရီ ၁ ရက်မှ ဩဂုတ် ၂၀ ရက်အထိ နိုင်ငံတစ်ဝန်း မိုင်းနင်းမှုကြောင့် အမျိုးသားခြောက်ဦး၊ အမျိုးသမီးနှစ်ဦး စုစုပေါင်းရှစ်ဦး သေဆုံးပြီး အမျိုးသား ၄၂ ဦး၊ အမျိုးသမီး ခြောက်ဦး စုစုပေါင်း ၄၈ ဦး ဒဏ်ရာ ရရှိခဲ့ကြောင်း သိရှိရသည်။ (သတင်းစဉ်)

ဇီဝမျိုးစုံမျိုးကွဲတွေ ကြွယ်စေဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့

ပြည်ထောင်စုစိတ်ဓာတ်အပြည့်အဝဖြင့် နိုင်ငံတော် ကာကွယ်ရေးတာဝန်များ ထမ်းဆောင်ခွင့်ရတော့မည်

❖ ကျောဖုံးမှ

ဖွင့်ပွဲအခမ်းအနားသို့ မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်း၊ ကာကွယ်ရေးဝန်ကြီးဌာန ပြည်သူ့စစ်နှင့် နယ်ခြားတပ်များ ညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ်မောင်မောင်အုန်း၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ်သန်းစိုး၊ ငွေစာရင်းရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်ချုပ်လှိုင်မြင့်နှင့် တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ တိုးတက်သောဗုဒ္ဓဘာသာ ကရင်အမျိုးသား အစည်းအရုံး ဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ဒေသခံပြည်သူ့စစ်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ရပ်မိရပ်ဖများ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ တိုင်းရင်းသားရိုးရာ အကအဖွဲ့များ၊ နယ်ခြားစောင့်တပ်ဖွဲ့ဝင်များ၏ မိသားစုများ တက်ရောက်ကြသည်။

တပ်ဆင်ပေး

အဆိုပါအခမ်းအနားကို အစီအစဉ်အတိုင်းဆောင်ရွက်ကြပြီး တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မောင်မောင်အုန်း၊ ဗိုလ်ချုပ်သန်းစိုးနှင့် ဗိုလ်ချုပ်လှိုင်မြင့်တို့က နယ်ခြားစောင့်တပ်မှ အရာရှိများအား တပ်မတော်၏ ရာထူးအဆင့်တံဆိပ်များကို တပ်ဆင်ပေးကြသည်။

အမှာစကားပြောကြား

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်းနှင့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မောင်မောင်အုန်းတို့က အမှာစကား ပြောကြားကြသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ နယ်ခြားစောင့်တပ်ဖွဲ့ဝင်များအတွက် ချီးမြှင့်ငွေများကို တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်းနှင့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မောင်မောင်အုန်းတို့က ပေးအပ်ကြရာ နယ်ခြားစောင့်တပ် တပ်မှူးက လက်ခံသည်။

ကခုန်ဆင်နွှဲ

ဆက်လက်၍ နယ်ခြားစောင့်တပ်မှ တပ်ဖွဲ့ဝင်များသည် အကအဖွဲ့များ၊ ကျောင်းသား၊ ကျောင်းသူများ၊ ဒေသခံပြည်သူများနှင့် ပျော်ရွှင်စွာ စုပေါင်းကခုန်ဆင်နွှဲကြသည်။

ထို့နောက် တိုင်းမှူးနှင့်အဖွဲ့ဝင်များ၊ ဒေသခံတိုင်းရင်းသားခေါင်းဆောင်များသည် တပ်ဖွင့်ပွဲအခမ်းအနား အထိမ်းအမှတ်အဖြစ် စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး တက်ရောက်လာကြသည့် ဒေသခံပြည်သူများအား တိုင်းမှူးက ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကာ ဒေသခံဒိုးယိမ်းအဖွဲ့များအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

လိုက်လံနှုတ်ဆက်

ယင်းနောက် နယ်ခြားစောင့်တပ်ဖွင့်ပွဲအထိမ်းအမှတ် နယ်ခြားစောင့်တပ်ဖွဲ့ဝင်များအား ဂုဏ်ပြုနေ့လယ်စာဖြင့် တည်ခင်းသည့် အခမ်းအနားကို တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်းနှင့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မောင်မောင်အုန်းတို့ တက်ရောက်၍ အမှာစကား ပြောကြားကာ ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

ဂုဏ်ယူဝမ်းမြောက်

နိုင်ငံတော်အစိုးရက ယခုကဲ့သို့ နယ်ခြားစောင့်တပ်များအဖြစ် ဖွင့်လှစ်ပေးလိုက်ခြင်းကြောင့် နယ်ခြားစောင့်တပ်ဖွဲ့ဝင်များသည် နယ်စပ်ဒေသများ ထာဝရ တည်ငြိမ်အေးချမ်းစေရေးအတွက် ပြည်ထောင်စုစိတ်ဓာတ်အပြည့်အဝဖြင့် နိုင်ငံတော် ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်ခွင့်ရတော့မည်ဖြစ်၍ ဂုဏ်ယူဝမ်းမြောက်လျက်ရှိကြောင်း သိရှိရသည်။

ဂုဏ်ပြုကြိုဆို

အလားတူ ဒေသခံပြည်သူများ အနေဖြင့်လည်း ၎င်းတို့၏ လူမှုစီးပွားရေးဘဝ တိုးတက်ဖွံ့ဖြိုးလာစေပြီး ဒေသတွင်း တည်ငြိမ်အေးချမ်းရေး၊ နယ်စပ်ဒေသများ ထာဝရငြိမ်းချမ်းရေးတို့အတွက် ယခုကဲ့သို့ နယ်ခြားစောင့်တပ် ဖြစ်ပေါ်လာမှုကို ဝမ်းပန်းတသာ ဂုဏ်ပြုကြိုဆိုအားပေးလျက်ရှိကြောင်း သိရှိရသည်။ (သတင်းစဉ်)

မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် သက်နိုင်ဝင်းနှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်သူ့စစ်နှင့် နယ်ခြားတပ်များ ညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ်မောင်မောင်အုန်းတို့ နယ်ခြားစောင့်တပ်မှ အရာရှိတစ်ဦးအား တပ်မတော်၏ ရာထူးအဆင့်တံဆိပ်ကို တပ်ဆင်ပေးကြစဉ်။ (သတင်းစဉ်)

နယ်ခြားစောင့်တပ်မှ တပ်ဖွဲ့ဝင်များသည် အကအဖွဲ့များ၊ ကျောင်းသား၊ ကျောင်းသူများ၊ ဒေသခံပြည်သူများနှင့် ပျော်ရွှင်စွာ စုပေါင်း ကခုန်ဆင်နွှဲကြ။

ကြည့်ရှုအားပေး

မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်းနှင့်အဖွဲ့ဝင်များ၊ ဒေသခံတိုင်းရင်းသားခေါင်းဆောင်များ နယ်ခြားစောင့်တပ် ဖွင့်ပွဲအခမ်းအနားတွင် နယ်ခြားစောင့်တပ်မှ တပ်ဖွဲ့ဝင်များ၊ အကအဖွဲ့များ၊ ကျောင်းသား၊ ကျောင်းသူများ၊ ဒေသခံပြည်သူများ ပျော်ရွှင်စွာ စုပေါင်းကခုန်ဆင်နွှဲနေမှုကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ် ထီးဟူးသံကျေးရွာ၌ ကျင်းပသည့် နယ်ခြားစောင့်တပ် ဖွင့်ပွဲအခမ်းအနားတွင် နယ်ခြားစောင့်တပ်ဖွဲ့ဝင်များ တပ်မတော်သားတစ်ဦးအဖြစ် သစ္စာအဓိဋ္ဌာန် ရွတ်ဆိုကြစဉ်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၄-၈-၂၀၁၀ (အင်္ဂါနေ့)

AM & PM

၅း၀၀	MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+မေတ္တာသုတ်
၅း၁၅	MRTV-4 သတင်း
၆း၀၀	"တရားဦးမေ့စကြာ" တရားတော် (အပိုင်း-၃) (ဆရာတော်အရှင်ပညာ သီဟာဘိဝံသ)
၇း၀၀	MRTV-4 သတင်း
၇း၄၅	MRTV-4 ကာတွန်းအစီအစဉ်
၈း၀၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲမရတဲ့အချစ်" (အပိုင်း-၈၇)**
၈း၃၅	7 Golden Girls Live Show (Part-2)
၉း၂၅	ရဲတပ်ဖွဲ့ကို ဂုဏ်ပြုစေသား မိုးမြင့်ထက်မှ လင်းယုန်များ
၉း၅၀	Cartoon Show Time (Ratatouille)
၁၀း၂၅	ပေတောမှ ပန်းကလေးများ တင့်ရှုန်းဝေသာယာစေဖို့ ပက်ဖျန်းပေးမယ့် မိုးစက်ရေ
၁၀း၄၀	အဓိဋ္ဌာန်ကာရည်မျှော် ဆုတောင်းပြည့် အောင်စေတီတော်
၁၁း၀၅	Sports Diary
၁၁း၂၀	ခနှရိုးရာအစားအစာ စားချင်ဖွယ်ရာဟင်းထုပ်ပါ
၁၁း၂၅	Activities In The City (MBA မိသားစု၏ ဝါဆိုသင်္ကန်း လှူဒါန်းပွဲနှင့် သစ်ပင်စိုက်ပွဲ)
၁၁း၃၅	လေးမျက်နှာမြို့နယ်အသင်း (ရန်ကုန်)သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနား
၁၁း၅၅	သင်ကြားရေးလမ်းညွှန် (Learn the Basic Dance Studio)
၁၂း၂၀	HIV AIDS ရောဂါကာကွယ် တိုက်ဖျက်ရေး (အပိုင်း-၂) (ဒေါက်တာခင်မောင်လွင်၊ ဒေါက်တာဝင်းမောင်၊ ဒေါက်တာခင်ဥမ္မာစံ၊ ဒေါက်တာတင်အောင်စော၊ ဒေါက်တာလှမြင့်)
၁၂း၄၅	တောင်ကြီးမြို့ရဲ့ တုမရှိ လောကချမ်းသာစူဠာမုနိ
၁း၀၀	"တရားဦးမေ့စကြာ" တရားတော် (အပိုင်း-၃) (ဆရာတော်အရှင်ပညာ သီဟာဘိဝံသ)
၂း၀၀	MRTV-4 သတင်း
၂း၄၅	2010 Summer Youth Olympics
၃း၂၀	သီးနှံစိုက်ပျိုးအထွက်တိုး "စားသုံးဆီဖူလုံဖို့ မြေပဲအထွက် တိုးအောင်စိုက်ကြစို့"
၃း၃၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲမရတဲ့အချစ်" (အပိုင်း-၈၇)**
၄း၁၀	တေးဂီတအစီအစဉ်
၄း၂၅	ပေတောမှ ပန်းကလေးများ တင့်ရှုန်းဝေသာယာစေဖို့ ပက်ဖျန်းပေးမယ့် မိုးစက်ရေ
၄း၄၅	ရဲတပ်ဖွဲ့ကို ဂုဏ်ပြုစေသား မိုးမြင့်ထက်မှ လင်းယုန်များ
၅း၁၀	World of Knowledge (Smart Tunnel)
၆း၀၀	MRTV-4 သတင်း
၆း၂၀	Celebrity Style (အိမ့်ချစ်နှင့်တွေ့ဆုံခြင်း)
၆း၄၀	2010 Summer Youth Olympics
၇း၀၀	7 Golden Girls Live Show (Part-3)
၈း၀၀	MRTV-4 သတင်း
၈း၃၀	Cartoon Show Time (Ratatouille)
၉း၁၀	Celebrity Style (အိမ့်ချစ်နှင့်တွေ့ဆုံခြင်း)
၉း၃၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲမရတဲ့အချစ်" (အပိုင်း-၈၇)**
၁၀း၀၀	Sunday Talk
၁၀း၄၀	သင်ကြားရေးလမ်းညွှန် (Learn the Basic Dance Studio)
၁၁း၀၀	Sports World
၁၁း၂၅	Activities In The City (MBA မိသားစု၏ ဝါဆိုသင်္ကန်း လှူဒါန်းပွဲနှင့် သစ်ပင်စိုက်ပွဲ)
၁၁း၃၅	လေးမျက်နှာမြို့နယ်အသင်း (ရန်ကုန်)သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနား
၁၁း၅၀	စာပွဲသဘင်ဖန်သားပြင် [စာရေးဆရာချစ်နိုင်(စိတ်ပညာ)]
၁၂း၃၀	ကဏ္ဍစုံလင်အားကစားအစီအစဉ်
၁း၀၀	အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုးVHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

ဝန်ကြီး ဦးဉာဏ်ဝင်း ယူကရိန်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးထံ သဝဏ်လွှာပေးပို့

နေပြည်တော် ဩဂုတ် ၂၄

၂၀၁၀ခုနှစ် ဩဂုတ် ၂၄ ရက်တွင် ကျရောက်သော ယူကရိန်းနိုင်ငံ၏ လွတ်လပ်ရေးနေ့ အခါသမယ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းထံမှ ယူကရိန်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာကော့စ်တီယန်တင် ဂရီရှုချန်ကိုထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

နေပြည်တော်မြန်မာ့အသံ ရေဒီယိုအစီအစဉ်

(အင်္ဂါနေ့-နံနက်-နေ့လယ်-ည)

၂၄-၈-၂၀၁၀

၇း၀၀	အဖွင့်တီးလုံး+နှုတ်ခွန်းဆက် နိုင်ငံတော်သီချင်း+ကြေညာချက်
၇း၀၅	တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရရဲ့ တရားတော် (ခန္ဓသုတ်+ဂုဏ်တော်ကွန်ချာ)
၇း၃၀	ဓမ္မပူဇာတေး (၃၈)ဖြာမင်္ဂလာ
၇း၃၅	နံနက်ခင်းတေးပဒေသာ
၈း၀၀	စံတော်ချိန်+သတင်း
၈း၁၀	နံနက်ခင်းတေးပဒေသာ
၈း၃၀	ပြောပါရစေရှင် (မုဒိတာခပ်ပျစ်ပျစ်သောက်သူများ)
၈း၄၀	တေးပဒေသာ
၁၀း၀၀	မွေးနေ့လက်ဆောင်
၁၀း၃၀	သတင်းစာအာဘော်
၁၀း၃၅	တေးပဒေသာ
၁၀း၄၅	ခံတွင်းမြိန်စရာ သူ့လက်ရာ (မြေပဲဆီထမင်းနဲ့ ငါးရံ့ခြောက်ဖုတ်)
၁၀း၅၅	တေးသီချင်း
၁၁း၀၀	နေ့လယ်ခင်းသတင်း
၁၁း၁၀	နေ့လယ်ခင်းတေးပဒေသာ
၁၁း၂၅	Talk on Line (အကယ်ဒမီများရှင်ရန်အောင်)
၁၁း၅၀	တေးပဒေသာ
၁၂း၀၀	စံတော်ချိန် Current Song တေးပဒေသာ
၁၂း၄၀	ရွှင်လန်းစေချင်သောတရှင် (ပဥ္စမမြောက်နိဗ္ဗာန်ဘုံကအပြန်)
၁း၀၀	မွန်းလွဲပိုင်းသတင်း
၁း၁၀	ပညာရေးအစီအစဉ် (အလယ်တန်း-အင်္ဂလိပ်စာ) တေးပဒေသာ
၁း၃၀	အစီအစဉ်ပြီး၏။
၄း၀၀	အဖွင့်တီးလုံး+ကြေညာချက် ညနေခင်းတေးပဒေသာ
၄း၃၀	သောတရှင်လိုရာတေး
၅း၀၀	မေတို့တွက်တာ အလှကမ္ဘာ (မျက်စိမှေးသူအားခြယ်သခြင်း)
၅း၁၀	တေးပဒေသာ
၅း၂၅	သတင်းစာဆောင်းပါး
၅း၃၀	ညနေခင်းတေးပဒေသာ
၅း၄၅	ထူးဆန်းထွေလာ၌မြေကမ္ဘာ အမှတ်စဉ်(၅၄)
၆း၀၀	ညနေခင်းသတင်း
၆း၁၀	ညနေခင်းတေးပဒေသာ
၆း၃၀	စာအုပ်စာပေလူ့မိတ်ဆွေ ၁။ မြန်မာ-အင်္ဂလိပ်အသံထွက် အိပ်ဆောင်အဘိဓာန် ၂။ Classroom Language
၆း၄၅	ချိုချစ်ဖွယ် အင်္ဂလိပ်တေးသီချင်းကဏ္ဍ
၇း၀၀	နိုင်ငံတကာသတင်း
၇း၁၀	ဇာတ်လမ်းပမာနားဆင်စရာ (ရင်ထဲမှာကြွေ)
၇း၃၀	တေးပဒေသာ
၈း၀၀	ပြည်တွင်းသတင်း
၈း၂၀	တေးစီးရီး (တွေ့စကအတိုင်းပဲ) စီးပွားရေးဦးတည်ချက် တေးပဒေသာ
၉း၀၀	ခံစားနားဆင် မြန်မာတေးသံစဉ် လူမှုရေးဦးတည်ချက် ညချမ်းချိန်ခါတေးပဒေသာ
၉း၅၉	အဖိတ်နေ့နှုတ်ဆက်ချက်
၁၀း၀၀	အစီအစဉ်ပြီး၏။

မြန်မာနယူးစ်ဝိခ်ဂျာနယ် ထွက်ရှိ

ရန်ကုန် ဩဂုတ် ၂၃

၁၅ သိန်းနှစ်ခါ ကံမကောင်းခဲ့တဲ့ ကားဝယ်ရောင်းတစ်ဦး၊ သရုပ်ဆောင်မျိုးစန္ဒီကျော်၏ ခင်ပွန်းဖြစ်သူရဲ့ ရင်တွင်းစကားသံများ သတင်းပါရှိသည့် မြန်မာနယူးစ်ဝိခ်ဂျာနယ် အတွဲ(၂) အမှတ်စဉ်(၄၂)ကို ယနေ့ဖြန့်ချိလိုက်သည်။

ဒီမိုကရက်တစ်ပါတီ(မြန်မာ) ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကော်မရှင်ရုံးသို့ အကြောင်းကြားစာပေးပို့ နိုင်ငံရေးပါတီအချို့၏ လက်ကမ်းစာအုပ်များ ထုတ်ဝေခွင့်ရရှိသော်လည်း ပုံနှိပ်တိုက်အများစုက ရိုက်နှိပ်ပေးခြင်းမရှိ၊ သတိထားရမယ့် ကြောင်ပါးများနှင့် လူကုန်ကူးမှုကို သွယ်ဝိုက်ဖန်တီးနေသောသူများ၊ ရိုးရိုးမြေကြီးကို ဓာတုဗေဒပစ္စည်းများဖြင့် ပေါင်းစပ်ကာ အဆင့်မြင့် လမ်းခင်းနည်းစနစ်ကို ဩစတြေးလျနှင့် မလေးရှားမှ ပညာရှင်များ လာရောက်စမ်းသပ်မည်၊ ဘုရင့်နောင်ပွဲရုံ ကုန်တင်ယာဉ်ရပ်နားစခန်းမှ စက်သုံးဆီအရောင်းဆိုင်များအား ဆီရောင်းချခွင့် ပိတ်သိမ်း၊ ရုပ်သံ အင်တာနက်တယ်လီဖုန်းတို့ကို ကြိုးတစ်ချောင်းတည်းဖြင့် အသုံးပြုနိုင်သည့် FTTX စနစ်မကြာမီ အသုံးပြုနိုင်တော့မည်၊ အဆင့်မြင့် ရော်ဘာကုန်ကြမ်းစက်ရုံ မြန်မာနိုင်ငံတွင် တည်ဆောက်ရန် မလေးရှားကုမ္ပဏီတစ်ခု စီစဉ်နေ၊ ရန်ကုန်မြို့တွင် ထုတ်ပေးသော ကျပ်ငါးသိန်းတန် CDMA 800MHz ဖုန်းများကို မန္တလေးမြို့တွင် အသုံးပြုရန် စီစဉ်နေ၊ ထိုင်းဗီဇာကြေး ကင်းလွတ်ခွင့်ပြုပြီးနောက်ဝယ်၊ မလေးရှားလေကြောင်းလိုင်းမှ လေယာဉ်လက်မှတ်ဈေးနှုန်းများ လျှော့ချပေးသကဲ့သို့ Asian Pass အစီအစဉ်ကိုလည်း ထည့်သွင်းပေးထား၊ ချင်းပြည်နယ်တောင်ပိုင်းတွင် ကြွက်များ အုပ်စုလိုက်ပြောင်းရွှေ့၊ မြန်မာနိုင်ငံမှ ချင်းလူမျိုး ဘောလုံးသမားလေး ဩစတြေးလျနိုင်ငံ ဝိတိုရိယပြည်နယ် ဘောလုံးအသင်းအတွက် အရွေးချယ်ခံရ၊ အင်္ဂါဂြိုဟ်သည် လတစ်စင်းကဲ့သို့ ထွန်းလင်းနေမည်ဟု အွန်လိုင်းဖော်ပြချက်မှာ ကောလာဟလဖြစ်၊ တရုတ်နိုင်ငံရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်တစ်ဆူမှ ရောင်ခြည်တော်ကွန့်မြူး၊ အစ္စရေးစစ်ပွဲအတွက် အယ်လ်ကေဒါ စီစဉ်နေ၊ ပြည်ပနိုင်ငံများသို့ လက်နက်များ တရားမဝင်တင်ပို့မှုဖြင့် ဘလက်ဝါးတားတစ်ဖြစ်လဲစီ(Xe)ပုဂ္ဂလိက လုံခြုံရေးကုမ္ပဏီဒဏ်ငွေ ဒေါ်လာ ၄၂ သန်း ပေးဆောင်ရ၊ အစ္စရေးက နောက် ၁၂ လအတွင်း အီရန်ကို ဗုံးကြဲနိုင်ကြောင်း အမေရိကန်မဂ္ဂဇင်းရေးသား၊ အစ္စရေးက အီရန်ကို တိုက်ခိုက်လာလျှင် အိုဘားမားသက်တမ်း သမ္မတအဖြစ် တစ်ကြိမ်သာ ရပ်တည်နိုင်မည် စသည့် နောက်ဆုံးရ ပြည်တွင်းပြည်ပ သတင်းများနှင့်အတူ ထုတ်ဝေဖြန့်ချိလိုက်ပြီ ဖြစ်သည်။

မြန်မာနယူးစ်ဝိခ်ဂျာနယ်ကို အပတ်စဉ် အင်္ဂါနေ့တိုင်း ထုတ်ဝေနေပြီဖြစ်သည်။

(သတင်းစဉ်)

အမှတ်(၂) လျှပ်စစ်နှင့် ဆောက်လုပ်ရေးဝန်ကြီး ဦးခင်မောင်မြင့် ပြည်မြို့၌ လျှပ်စစ်နှင့် ဆောက်လုပ်ရေးဝန်ထမ်းများအား တွေ့ဆုံ

နေပြည်တော် ဩဂုတ် ၂၃

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီးနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်သည် ဩဂုတ် ၂၁ ရက် ညပိုင်းတွင် ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း) တိုင်းလျှပ်စစ်အင်ဂျင်နီယာရုံး အစည်းအဝေးခန်းမ၌ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးမြင့်အောင်၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ဒုတိယဦးဆောင်ညွှန်ကြားရေးမှူး ဦးကျော်လှိုင်နှင့် ဝန်ကြီးဌာနအောက်ရှိ ဝန်ထမ်းများအား တွေ့ဆုံသည်။

ရှေးဦးစွာ တိုင်းလျှပ်စစ်အင်ဂျင်နီယာ ဒုတိယအင်ဂျင်နီယာချုပ် ဦးကျော်သူက ရှင်းလင်းတင်ပြပြီး ဝန်ကြီးက ဝန်ထမ်းများအနေဖြင့် မိမိလုပ်ငန်း(တာဝန်)အပေါ် အလေးထားဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြို့တော်ဝန် ဦးအောင်သိန်းလင်း ငမိုးရိပ်ရေသန့်စင်စက်ရုံ ဒုတိယအဆင့် စီမံကိန်းလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဩဂုတ် ၂၃

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးအောင်သိန်းလင်းသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းအနီးရှိ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ ရန်ကုန်မြို့တော် ရေပေးဝေရေးစီမံကိန်း(ငမိုးရိပ်) ရေသန့်စက်ရုံက ရန်ကုန်မြို့နေ ပြည်သူများအား သောက်သုံးရေ နေ့စဉ် ရေဂါလန် ၄၅ သန်း ထပ်မံဖြည့်တင်း ပေးဝေနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိသည့် ဒုတိယအဆင့်စီမံကိန်းလုပ်ငန်းများနှင့် ဆောင်ရွက်ပြီးစီးသည့် ပထမအဆင့်စီမံကိန်းလုပ်ငန်းများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဖြည့်ဆည်းပေး

ထို့နောက် မြို့တော်ဝန်သည် ရန်ကုန်မြို့တော်ရေပေးဝေရေးစီမံကိန်း ဒုတိယအဆင့်လုပ်ငန်းဆက်သွယ်ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး အင်ဂျင်နီယာ အဆောက်အအုံဌာနမှူး ဒေါက်တာဇော်ဝင်း၊ အင်ဂျင်နီယာဌာန(ရေနှင့်သန့်ရှင်းမှု) ဌာနမှူး ဦးသန်းထိုက်နှင့် ဒုတိယဌာနမှူးများဖြစ်ကြသော ဦးကံမြင့်၊ ဦးအောင်ဆန်းဝင်းနှင့် တာဝန်ရှိသူများက ရှင်းလင်းပြသကြပြီး မြို့တော်ဝန်က လိုအပ်သည်များကို ဖြည့်ဆည်းပေးသည်။

(၁၉)

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဦးအောင်သိန်းလင်း အနည်စုဖွဲ့ကန် တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

(၁၉)

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးမြင့်နိုင် နွားထိုးကြီးမြို့နယ်အတွင်း လုပ်ငန်းဆိုင်ရာစစ်ဆေး

နွားထိုးကြီး ဩဂုတ် ၂၃

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးမြင့်နိုင်သည် ဇူလိုင် ၁၇ ရက်က မန္တလေးတိုင်းဒေသကြီးနှင့် မြင်းခြံခရိုင်ကော်မရှင်အဖွဲ့ခွဲဝင်များနှင့်အတူ နွားထိုးကြီးမြို့နယ်သို့ ရောက်ရှိလာရာ မြင်းခြံခရိုင် ကော်မရှင်အဖွဲ့ခွဲဝင် ဒေါ်သွယ်သွယ်အုန်း၊ ဦးစိန်မောင် နွားထိုးကြီး ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးကျော်သန်း၊ အဖွဲ့ဝင်များနှင့် တွေ့ဆုံ၍ ဥပဒေ၊ စည်းကမ်း၊ စည်းမျဉ်း၊ ညွှန်ကြားချက်နှင့်အညီ လုပ်ကိုင်ကြရန် မှာကြားသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးမြင့်နိုင်သည် နွားထိုးကြီးမြို့နယ် ပြင်စည်မြို့၏ မဲရုံနေရာများကို ကြည့်ရှုခဲ့ကြောင်း သိရသည်။ (၉၅)

အလိမ္မာ စာမှာရှိ

သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေး ဟောပြော

မဘိမ်း ဩဂုတ် ၂၃

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲခရိုင် မဘိမ်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့ ပူးပေါင်း၍ သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး ပညာပေးဟောပြောပွဲကို ဇူလိုင် ၃၁ ရက် နံနက် ၈ နာရီက မြို့နယ်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်မြင့်က အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ ချိုပြုံးက သွေးလွန်တုပ်ကွေးရောဂါနှင့်စပ်လျဉ်း၍ ပညာပေးဟောပြောသည်။

(မြို့နယ်ပြန်/ဆက်)

အားကစားဝန်ကြီးဖလား မြန်မာ့ရိုးရာခြင်းလုံးခတ်ပြိုင်ပွဲနှင့် ရုပ်ပျိုဖလား မြန်မာ့ရိုးရာခြင်းလုံးခတ်ပြိုင်ပွဲများအတွက် စည်းဝေး

ရန်ကုန် ဩဂုတ် ၂၃

၂၀၁၀ ခုနှစ် သတ္တမအကြိမ်မြောက် အားကစားဝန်ကြီးဌာန ဝန်ကြီးဖလား မြန်မာ့ရိုးရာ ခြင်းလုံးခတ်ပြိုင်ပွဲနှင့် ရုပ်ပျိုဖလား မြန်မာ့ရိုးရာခြင်းလုံးခတ်ပြိုင်ပွဲများကို စက်တင်ဘာ ၄ ရက်မှ ၆ ရက်အထိ စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ်ရှိ ရန်ကြီးအောင် အားကစားခန်းမ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးအတွက် ပေါင်းစပ်ညှိနှိုင်းအစည်းအဝေးကို ဩဂုတ် ၂၀ ရက် မွန်းတည့် ၁၂ နာရီတွင် စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ်ရှိ ရုပ်ပျိုအစည်းအဝေးခန်းမဆောင်၌ ကျင်းပသည်။

ရှေးဦးစွာ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က အမှာစကားပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံ ခြင်းလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ သုဓမ္မမဏိဇောတဓရ ဦးစိုးနိုင်နှင့် မြန်မာနိုင်ငံ ခြင်းလုံးအဖွဲ့ချုပ် နာယက သုဓမ္မမဏိဇောတဓရ၊ သီဟသုဓမ္မ မဏိဇောတဓရ ဒေါက်တာ ဦးဘိုကြီးတို့က အမှာစကားပြောကြားကြသည်။

ယင်းနောက် မြန်မာနိုင်ငံ ခြင်းလုံးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးရဲအောင်က ပြိုင်ပွဲများအတွက် ကြိုတင်ဆောင်ရွက်ချက်များနှင့် ပြိုင်ပွဲများ၏ စည်းမျဉ်း၊ စည်းကမ်းများကိုလည်းကောင်း၊ ရုပ်ပျို အထွေထွေမန်နေဂျာ ဦးဇော်ဇော်က ကြိုဆိုနေရာချထားရေးနှင့် ဧည့်ခံကျွေးမွေးရေးကိစ္စရပ်များ ဆောင်ရွက်ထားရှိမှုများကိုလည်းကောင်း၊ ရွှေဘိုခရိုင် အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြိုင်ပွဲများအတွက် ပြိုင်ပွဲရုံပြင်ဆင်ဆောင်ရွက်ထားရှိမှုများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ပြိုင်ပွဲကျင်းပရေးဆပ်ကော်မတီအသီးသီးမှ တာဝန်ရှိသူများ၏ ဆွေးနွေးတင်ပြချက်များကို ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက် ၂၀၁၀ ခုနှစ် သတ္တမအကြိမ်မြောက် အားကစားဝန်ကြီးဌာန ဝန်ကြီးဖလား မြန်မာ့ရိုးရာ ခြင်းလုံးခတ်ပြိုင်ပွဲနှင့် ရုပ်ပျိုဖလား မြန်မာ့ရိုးရာ ခြင်းလုံးခတ်ပြိုင်ပွဲများ ကျင်းပနိုင်ရေးအတွက် ပေါင်းစပ်ညှိနှိုင်း အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (ခြင်းလုံးအဖွဲ့ချုပ်)

ပေး

အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ...း နယ်ခြားစောင့်တပ် ဖွင့်ပွဲအခမ်းအနားတွင် ...ကျောင်းသူများ၊ ဒေသခံပြည်သူများ ပျော်ရွှင်စွာ

(သတင်းစဉ်)

၄း၄၅	ရဲတပ်ဖွဲ့ကို ဂုဏ်ပြုစေသား မိုးမြင့်ထက်မှ လင်းယုန်များ
၅း၁၀	World of Knowledge (Smart Tunnel)
၆း၀၀	MRTV-4 သတင်း
၆း၂၀	Celebrity Style (အိမ့်ချစ်နှင့်တွေ့ဆုံခြင်း)
၆း၄၀	2010 Summer Youth Olympics
၇း၀၀	7 Golden Girls Live Show (Part-3)
၈း၀၀	MRTV-4 သတင်း
၈း၃၀	Cartoon Show Time (Ratatouille)
၉း၁၀	Celebrity Style (အိမ့်ချစ်နှင့်တွေ့ဆုံခြင်း)
၉း၃၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲမရတဲ့အချစ်" (အပိုင်း-၈၇)**
၁၀း၀၀	Sunday Talk
၁၀း၄၀	သင်ကြားရေးလမ်းညွှန် (Learn the Basic Dance Studio)
၁၁း၀၀	Sports World
၁၁း၂၅	Activities In The City (MBA မိသားစု၏ ဝါဆိုသင်္ကန်း လှူဒါန်းပွဲနှင့် သစ်ပင်စိုက်ပွဲ)
၁၁း၃၅	လေးမျက်နှာမြို့နယ်အသင်း (ရန်ကုန်)သင်္ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနား
၁၁း၅၀	စာပွဲသဘင်ဖန်သားပြင် [စာရေးဆရာချစ်နိုင်(စိတ်ပညာ)]
၁၂း၃၀	ကဏ္ဍစုံလင်အားကစားအစီအစဉ်
၁း၀၀	အစီအစဉ်ပြီး။

...များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ...ဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ ...စ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ...ယူကြည့်ရှုနိုင်ပါသည်။

 နိုင်ငံတကာသတင်းများ

မြေအောက်အနက် ပေ ၂၃၀၀ကျော်တွင် ပိတ်မိနေသော ချီလီမိုင်းလုပ်သားများ ၁၇ရက်ကြာပြီးနောက် အသက်ဆက်ရှင်နေ

ကိုပီယာပို ဩဂုတ် ၂၃

ချီလီနိုင်ငံ ကိုပီယာပိုမြို့၌ ဩဂုတ် ၅ ရက်က ပြိုကျခဲ့သော မြေအောက်သတ္တုတွင်းအတွင်း ၁၇ ရက်ကြာမျှ ပိတ်မိနေသော ချီလီသတ္တုတွင်း အလုပ်သမား ၃၃ ဦးတို့သည် ၎င်းတို့ အသက်ရှင်နေဆဲဖြစ်ကြောင်း ဩဂုတ် ၂၂ ရက်က မြေပြင်ပေါ်သို့ သတင်းပေးပို့ခဲ့သည်။

သတ္တုတွင်း အလုပ်သမားများ ခိုလှုံနေသည့် မြေအောက်ခန်းရှိရာသို့ တူးဖော်လျက်ရှိသော တွင်းတူးစက်၏ လွန်သွားတွင် ၎င်းတို့ အသက်ရှင်နေသေးကြောင်း ရေးသားထားသော စာတိုတစ်စောင်ကို ချည်နှောင်ကာ သတ္တုတွင်း အလုပ်သမားများက အသိပေးခဲ့ခြင်းဖြစ်ကြောင်း ချီလီသမ္မတဆီဘက်ရှန်ပင်နာရာက ပြောကြားသည်။

တူးဖော်ထားသော တွင်းပေါက်မှ တစ်ဆင့် ရုပ်သံကင်မရာကို ချ၍ မြေအောက်အခြေအနေကို လေ့လာကြည့်ခဲ့ရာ ပိတ်မိနေသော အလုပ်သမားများသည် မျှော်လင့်သည်ထက် အခြေအနေကောင်းမွန်လျက်ရှိပြီး အချို့မှာ မိုင်းတွင်းအပူရှိန်ကြောင့် အပေါ်ပိုင်းဗလာကျင်းထားသည်ကို တွေ့မြင်ရကြောင်း ချီလီကယ်ဆယ်ရေးဝန်ထမ်းများက ပြောကြားသည်။

သတ္တုတွင်းအလုပ်သမားများသည် မြေအောက်အနက်ပေ ၂၃၀၀ကျော်ရှိမြေအောက်အခန်းငယ်တစ်ခုအတွင်း ရောက်ရှိနေကြခြင်းဖြစ်ပြီး ၎င်းတို့ကို မြေပေါ်ကယ်ထုတ်ရန် လနှင့်ချီ၍ အချိန်ယူရဦးမည်ဖြစ်ကြောင်း သိရသည်။

မြေအောက်တွင် ပိတ်မိနေသူ အလုပ်သမားများအတွက် စားနပ်ရိက္ခာ ပမာဏသည် အကန့်အသတ်ဖြင့်သာရှိရာ ဂလူးကို့စ်၊ သတ္တုဓာတ်ကြွယ်ဝသော သောက်သုံးရေများနှင့် စားနပ်ရိက္ခာများကို မြေအောက်သို့ ချပေးရန် ဆရာဝန်များက အကြံပြုထားသည်။

အမ်အင်အေ၊ရိုက်တာ။

ပြည်တွင်းထုတ်မောင်းသူမဲ့ ဗုံးကြဲလေယာဉ် အီရန်ထုတ်ဖော်ပြသ

တီဟီရန် ဩဂုတ် ၂၃

အီရန်၏ နျူကလီးယားအစီအစဉ်နှင့် ပတ်သက်၍ တင်းမာမှုများ မြင့်တက်လာချိန်တွင် အီရန်စစ်ဘက်၏ ဖွံ့ဖြိုးတိုးတက်မှု ပြယုဂ်အနေဖြင့် တာဝေးပျံသန်းနိုင်သော လူမဲ့ဗုံးကြဲလေယာဉ်အမျိုးအစားကို အီရန်က ထုတ်ဖော်ပြသခဲ့ကြောင်း ဩဂုတ် ၂၂ ရက် သတင်းများတွင် ဖော်ပြထားသည်။

အီရန်ကာကွယ်ရေးစက်မှုလုပ်ငန်း ထူထောင်သည့်နေ့တွင် ထုတ်ဖော်ပြသခဲ့သော လူမဲ့ဗုံးကြဲလေယာဉ်ပြပွဲ အခမ်းအနားသို့ အီရန်သမ္မတ မာမွတ်အာမာဒီနီဂျက်ဇ် ကိုယ်တိုင်တက်ရောက်ခဲ့ကြောင်း သိရသည်။

အီရန်က ထုတ်ဖော်ပြသခဲ့သော လူမဲ့ ဗုံးကြဲလေယာဉ်ကို ကာရာ သို့မဟုတ် ဖျက်ဆီးသူဟုအမည်ပေးထားပြီး ခရုဇ်ဒုံးကျည်လေးစင်းကို သယ်ဆောင်ကာ မိုင်ပေါင်း ၆၂၀အထိ ပျံသန်းနိုင်သော်လည်း အစ္စရေးကို တိုက်ခိုက်ရန် လက်လှမ်းမီမည် မဟုတ်ကြောင်း သတင်းများတွင် ဖော်ပြထားသည်။

အင်တာနက်။

ဖိနှိပ်ရန်စမှုများ မလုပ်ရန် အီရန်ကာကွယ်ရေးဝန်ကြီးသတိပေး

တီဟီရန် ဩဂုတ် ၂၃

အီရန်ကာကွယ်ရေးဝန်ကြီးက အီရန်နိုင်ငံကို ကျိုးကြောင်းမညီညွတ်သော အပြုအမူများဖြင့် ကျူးကျော်တိုက်ခိုက်လိုသော မည်သည့်နိုင်ငံကိုမဆို ပြင်းပြင်းထန်ထန် ပြန်လည်တိုက်ခိုက်မည်ဖြစ်ကြောင်း ဩဂုတ် ၂၃ ရက်က သတိပေးပြောကြားလိုက်သည်။

အီရန်နိုင်ငံသည် မည်သည့်နိုင်ငံကိုမျှ ကျူးကျော်တိုက်ခိုက်လိမ့်မည်မဟုတ်ဘဲ ကမ္ဘာ့နိုင်ငံများအားလုံးနှင့် ပိုမိုပူးပေါင်းလက်တွဲရန်သာ ဆန္ဒရှိကြောင်း၊ သို့သော်လည်းအီရန်နိုင်ငံအား မဆီလျော်သော အပြုအမူများဖြင့် ဆန့်ကျင်နေမည်ဆိုပါက မည်သည့်နိုင်ငံကိုမဆို ပြင်းထန်စွာ ပြန်လည်တုံ့ပြန်မည် ဖြစ်ကြောင်း အီရန်ကာကွယ်ရေးဝန်ကြီးက အီရန်နိုင်ငံ၏ ပြည်တွင်းဖြစ်စစ်ရေယာဉ်များ ရေချပွဲ အခမ်းအနားတွင် ပြောကြားသည်။

အင်တာနက်။

ပါကစ္စတန်တွင် ဗုံးပေါက်ကွဲမှုများဖြစ်ပွား

အစ္စလာမ္မာဘတ် ဩဂုတ် ၂၃

အာဖဂန်နစ္စတန်နယ်စပ်အနီးရှိ ပါကစ္စတန်လူမျိုးစုဒေသများတွင် ဩဂုတ် ၂၃ ရက်က ဗုံးပေါက်ကွဲမှုများ ဖြစ်ပွားခဲ့ရာ အနည်းဆုံးလူ ၃၃ဦးသေဆုံးပြီး ၄၀ ကျော်ဒဏ်ရာရရှိခဲ့ကြောင်း သတင်းများတွင် ဖော်ပြသည်။

အမတ်ဟောင်းသေဆုံး

ဗုံးပေါက်ကွဲမှုများအနက်တစ်ခုမှာ တောင်ဝါဇီရစ္စတန်ဒေသ ဝတ်ကျောင်းတစ်ခုတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး လူ ၂၆ ဦး သေဆုံးကာ ၄၀ ကျော်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။ ဗုံးပေါက်ကွဲမှုကြောင့် ပြည်နယ်လွှတ်တော် အမတ်ဟောင်းတစ်ဦးလည်း သေဆုံးခဲ့ကြောင်း ပါကစ္စတန်ထောက်လှမ်းရေးတာဝန်ရှိသူ တစ်ဦးက ပြောကြားသည်။

အလားတူ ကူရမ်ဒေသ မျိုးနွယ်စု အကြီးအကဲများ၏ အစည်းအဝေးတစ်ခုတွင် ဗုံးပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ လူ ခုနစ်ဦး သေဆုံးခဲ့ကြောင်းသိရသည်။

အဆိုပါ ဗုံးပေါက်ကွဲမှုများကို မည့်သည့်အကြမ်းဖက်အဖွဲ့အစည်းက လုပ်ဆောင်ခဲ့သည်ကို ရှင်းရှင်းလင်းလင်း မသိရသေးပေ။

အင်တာနက်။

ကမ္ဘာလှည့်ခရီးသည်တင်ယာဉ် ဖိလစ်ပိုင်တွင် ပြန်ပေးဆွဲခံရ အပြန်အလှန်ပစ်ခတ်မှု ဖြစ်ပွားပြီးနောက် လူ ရှစ်ဦးသေဆုံးခဲ့

မနီလာ ဩဂုတ် ၂၃

ဖိလစ်ပိုင်ရဲအရာရှိဟောင်းတစ်ဦးက ဟောင်ကောင်ကမ္ဘာလှည့်ခရီးသည်များကို တင်ဆောင်ထားသော ဘတ်စ်ကားတစ်စီးကို ယနေ့နံနက်ပိုင်းက အပိုင်စီး၍ ခရီးသည်များကို ၁၂ နာရီကြာမျှ ဓားစာခံအဖြစ် ဖမ်းဆီးခဲ့ပြီး ၎င်းအား အလုပ်ပြန်ခန့်ထားပေးရန် တောင်းဆိုခဲ့ရာမှ ဖိလစ်ပိုင် အကြမ်းဖက်တိုက်ဖျက်ရေး ရဲတပ်ဖွဲ့ဝင်များနှင့် ယနေ့ညပိုင်းတွင် အပြန်အလှန်ပစ်ခတ်မှု ဖြစ်ပွားပြီးနောက် အဆိုပါ မော်တော်ယာဉ် အပိုင်စီးသူနှင့် ခရီးသည် ခုနစ်ဦးသေဆုံးခဲ့ရကာ ကမ္ဘာလှည့် ခရီးသည် တင်ကား အပိုင်စီးမှု ပြီးဆုံးသွားခဲ့သည်။

ပြန်ပေးဆွဲသူ ရဲအရာရှိဟောင်း ရိုလန်ဒိုမန်ဒိုဇာ (အပေါ်ပုံ)နှင့် **ပြန်ပေးဆွဲခံရသည့် မော်တော်ယာဉ်ကို ရဲတပ်ဖွဲ့ဝင်များက ဝန်းရံနေစဉ်။** (အောက်ပုံ)

အစောပိုင်းတွင် ပြန်ပေးသမားသည် ယာဉ်ပေါ်ရှိ ဟောင်ကောင်ကမ္ဘာ လှည့်ခရီးသည် ၁၅ ဦးအနက် ခုနစ်ဦးနှင့် ဖိလစ်ပိုင်နိုင်ငံသား နှစ်ဦးတို့ကို ပြန်လွှတ်ပေးခဲ့သည်။

ပြန်ပေးဆွဲသူ အသက် (၅၅)နှစ် အရွယ်ရဲအရာရှိဟောင်း ရိုလန်ဒိုမန်ဒိုဇာက ခရီးသည်တင်ဘတ်စ်ကားပေါ်မှ ခရီးသည်များကို သေနတ်ဖြင့် ပစ်ခတ်သတ်ဖြတ်ချိန်တွင် ဖိလစ်ပိုင်ရဲတပ်ဖွဲ့ဝင်များက ယာဉ်ပေါ်သို့ တက်ရောက်စီးနင်းခဲ့ကြခြင်းဖြစ်သည်။ ဘတ်စ်ကားကို ပြန်ပေးဆွဲခဲ့သူသည် ဖိလစ်ပိုင်ရဲတပ်ဖွဲ့လက်ဖြောင့် တပ်သားတစ်ဦး၏ ပစ်ခတ်မှုကြောင့် သေဆုံးခဲ့သည်။

ပြန်ပေးဆွဲသူ ဖိလစ်ပိုင်ရဲအရာရှိဟောင်းသည် ဖိလစ်ပိုင်နိုင်ငံ၏ အထက်မြက်ဆုံး ရဲအရာရှိ ၁၀ ဦးအနက် တစ်ဦး အပါအဝင်ဖြစ်သည်။

ဆင်ဟွာ။

စစ်သွေးကြွအကျဉ်းသားများ တာဂျီကစ္စတန် အကျဉ်းထောင်မှ ထွက်ပြေးလွတ်မြောက်

ဒူရှန်ဘီ ဩဂုတ် ၂၃

တာဂျီကစ္စတန်နိုင်ငံ ဒူရှန်ဘီမြို့၌ အကြမ်းဖက်မှုဆိုင်ရာ စွပ်စွဲချက်များဖြင့် အကျဉ်းချခံထားရသော အစ္စလာမ့်စ် စစ်သွေးကြွ ၂၅ဦးတို့သည် အကျဉ်းထောင်မှ ထွက်ပြေးလွတ်မြောက်ခဲ့ကြောင်း တာဂျီကစ္စတန်လုံခြုံရေးတာဝန်ရှိသူများက ဩဂုတ် ၂၃ ရက်တွင် ပြောကြားသည်။

စစ်သွေးကြွအကျဉ်းသားများက မမျှော်လင့်ဘဲ တိုက်ခိုက်ကာ ထောင်ဖောက်ပြေးမှုကြောင့် အကျဉ်းထောင် လုံခြုံရေးဝန်ထမ်း အနည်းဆုံး ငါးဦးသေဆုံးခဲ့ကြောင်း သတင်းများတွင် ဖော်ပြသည်။

အကြမ်းဖက်အုပ်စုဝင်များ

ထွက်ပြေးလွတ်မြောက်ခဲ့သော အကျဉ်းသားများမှာ ဥဇဘက်ကစ္စတန် အကြမ်းဖက်အုပ်စုဝင်များဖြစ်ပြီး ရုရှားနှင့် အာဖဂန်နစ္စတန်နိုင်ငံသားများလည်း ပါဝင်ကြောင်း တာဂျီကစ္စတန်တာဝန်ရှိသူများက ပြောကြားသည်။

တာဂျီကစ္စတန် အမျိုးသားလုံခြုံရေးကော်မတီက စီမံခန့်ခွဲသော အဆိုပါ အကျဉ်းထောင်ကို အကျဉ်းသားများက ထောင်ဖောက်ထွက်ပြေးခဲ့ခြင်းသည် အကြမ်းဖက်အုပ်စုများကို နိုင်နင်းစွာချုပ်ထိန်းနိုင်သည်ဆိုသော တာဂျီကစ္စတန်အစိုးရအတွက် မျက်နှာပျက်ဖွယ်အမှုအခင်းတစ်ရပ်ဖြစ်သည်။

စစ်သွေးကြွအကျဉ်းသားများသည် ထွက်ပြေးလွတ်မြောက်ရန် အလို့ငှာ အကျဉ်းထောင် လုံခြုံရေးဝန်ထမ်းများကို တိုက်ခိုက်ပြီး လက်နက်တိုက်ကို သိမ်းပိုက်ကာ တောတွင်းပုံဖျက်စစ်ဝတ်စုံများကို ပြောင်းလဲဝတ်ဆင်ကာ ထွက်ပြေးခဲ့ကြောင်း သတင်းများတွင် ဖော်ပြသည်။

အင်တာနက်။

ကမ္ဘာ့အကြီးဆုံး ရေနက်ပိုင်းရေနံတူးသင်္ဘော တရုတ် တည်ဆောက်

တာ့လျန် ဩဂုတ် ၂၃

ကမ္ဘာ့အကြီးမားဆုံး ရေနက်ပိုင်း ရေနံတူးသင်္ဘောကြီးကို တရုတ်နိုင်ငံ အရှေ့မြောက်ပိုင်း လျောင်နင်းပြည်နယ်၌ စတင်တည်ဆောက်နေကြောင်း ဆင်ဟွာသတင်းဌာနက ဩဂုတ် ၂၃ ရက်တွင် ဖော်ပြထားသည်။

"တာ့လျန်ပိုင်အိုနီးယား"အမည်ရှိ ရေနက်ပိုင်း ရေနံတူးသင်္ဘောကြီးကို ဂျာမနီနိုင်ငံ ဒတ်ရှားဗာခေးဘဏ်နှင့် တရုတ်နိုင်ငံ ကော့စ်ကိုတာ့လျန် သင်္ဘောတည်ဆောက်ရေးလုပ်ငန်းတို့၏ သဘောတူချက်အရ လျောင်နင်းပြည်နယ် တာ့လျန်မြို့၌ တည်ဆောက်နေပြီဖြစ်သည်။

အဆိုပါသင်္ဘောကို ဩဂုတ် ၂၂ ရက်က စတင်တည်ဆောက်ခဲ့ပြီး ၂၀၁၂ ခုနှစ်တွင် ရေချနိုင်မည်ဟု မျှော်လင့်ထားကြောင်း၊ ကုန်ကျစရိတ်မှာ အမေရိကန်ဒေါ်လာ သန်း ၅၀၀ ကျော်ရှိ မည်ဖြစ်ကြောင်း၊ အဆိုပါ ရေနံတူးသင်္ဘောသည် အနက်ပေ ၁၀၀၀၀ ကျော် တူးဖော်မည်ဖြစ်ပြီး တူးဖော်နိုင်စွမ်းရှိသည့် အနက်ပေသည် ပေ ၃၀၀၀၀ ကျော်ရှိကြောင်း သတင်းတွင် ဖော်ပြသည်။

အမ်အင်အေ၊ဆင်ဟွာ။

ရုရှားသစ်တောဌာနအကြီးအကဲ ရာထူးမှ ထုတ်ပယ်

မော်စကို ဩဂုတ် ၂၃

ရုရှားနိုင်ငံ၌ မကြာသေးမီက တောမီးလောင်ကျွမ်းမှုများ ဖြစ်ပွားရာတွင် သစ်တောဌာန အကြီးအကဲသည် တာဝန်ဝတ္တရားကို အပြည့်အဝ ထမ်းဆောင်ရန် ပျက်ကွက်ခဲ့သောကြောင့် ဝန်ကြီးချုပ် ဗလာဒီမာပူတင်က ၎င်းကို စနေနေ့တွင် ရာထူးမှ ထုတ်ပယ်လိုက်သည်။

အဆိုပါ တောမီးသည် ကျေးလက်ဒေသ၌ သစ်တောဟက်တာထောင်သောင်းချီ၍ ပျက်စီးခဲ့ပြီး လူ ၈၀ ကျော်သေဆုံးခဲ့သည်။

တောမီးလောင်ကျွမ်းမှု ငြိမ်းသတ်ရေး စရိတ်စကအဝဝနှင့် မီးလောင်သွားသော လူနေအိမ်များကို ပြန်လည်ဆောက်ပေးရမည့် ကုန်ကျစရိတ်စုစုပေါင်းသည် ရူဘယ်လ် ၁၂ ဘီလီယံ (အမေရိကန် ဒေါ်လာ ၃၉၄သန်း) ရှိမည်ဟု သဘာဝဘေးအန္တရာယ်ဆိုင်ရာ ဝန်ကြီးဌာန ဝန်ကြီးက ထုတ်ဖော်ပြောကြားသည်။

အင်တာနက်။

သဘာဝ ဘေးအန္တရာယ်သတင်းများ သဘာဝ ဘေးအန္တရာယ်သတင်းများ

တရုတ်နိုင်ငံ အရှေ့မြောက်ပိုင်း လျောင်နင်းပြည်နယ်၌ ယာလူးမြစ်ရေလျှံတက်ပြီးနောက် သန့်ရှင်းရေးလုပ်နေသော တရုတ်တပ်ဖွဲ့ဝင်များကို ဩဂုတ် ၂၃ ရက်က တွေ့ရစဉ်။

တရုတ်တောင်ပိုင်း၌ အပူပိုင်းမုန်တိုင်းကြောင့် မိုးသည်းထန်စွာ ရွာဦးမည်

ပေကျင်း ဩဂုတ် ၂၃

အပူပိုင်း မုန်တိုင်း အသစ်တစ်ရပ် ဝင်ရောက်နိုင်မှုကြောင့် တရုတ်နိုင်ငံတောင်ပိုင်း ဒေသများတွင် လေပြင်းထန်စွာ တိုက်ခတ်ခြင်းနှင့် မိုးသည်းထန်စွာ ရွာသွန်းမှုများကို ရင်ဆိုင်ကြရမည်ဖြစ်ကြောင်း ဆင်ဟွာသတင်းဌာနက ဩဂုတ် ၂၃ ရက်တွင် ဖော်ပြသည်။

ယခုနှစ်စပိုင်းမှ စ၍ တရုတ်နိုင်ငံတစ်ဝန်းလုံးတွင် ဖြစ်ပွားခဲ့သော သဘာဝဘေးဥပဒ်များကြောင့် လူ ၃၀၀၀ နီးပါးသေဆုံးခဲ့ကြရကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြထားသည်။

အပူပိုင်းမုန်တိုင်း မင်းဒေါလ်သည် တရုတ်နိုင်ငံတောင်ပိုင်း ဟိုင်နန်ကျွန်းသို့ တနင်္လာနေ့ သို့မဟုတ် အင်္ဂါနေ့ အစောပိုင်းတွင် ဝင်ရောက်နိုင်ဖွယ်ရှိကြောင်း သတင်းများအရ သိရသည်။ ယင်းမုန်တိုင်းသည် ဟိုင်နန်ကျွန်းကို ဖြတ်သန်းပြီးနောက် အိမ်နီးချင်း ကွမ်တုံပြည်နယ်နှင့် ဗီယက်နမ်နိုင်ငံများသို့ပါ ဖြတ်သန်းတိုက်ခတ်မည်ဖြစ်သည်။

မုန်တိုင်းကြောင့် သင်္ဘောများကို ဆိပ်ခံတံတားမှ ထွက်ခွာခြင်းမပြုရန် တားမြစ်ခဲ့ပြီး ငါးဖမ်းလှေ ၂၀၀၀ ကျော်ကို လုံခြုံမှုရှိသောဆိပ်ကမ်းသို့ ပြောင်းလဲခိုလှုံစေခဲ့ကြောင်း သိရသည်။ ဟောင်ကောင်မိုးလေဝသ လေ့လာရေးဌာန ကျွမ်းကျင်သူတစ်ဦး၏ အဆိုအရ အပူပိုင်းမုန်တိုင်း မင်းဒေါလ်သည် အင်အားပြင်းထန်မည့် အလားအလာမရှိကြောင်း သိရသည်။

တရုတ်နိုင်ငံ အရှေ့မြောက်ပိုင်း မြောက်ကိုရီးယားနယ်စပ်၌ ယာလူးမြစ်ရေလျှံတက်မှုကြောင့် တရုတ်နိုင်ငံသား ၂၅၀၀၀၀ ကျော်ကိုလည်း ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ရကြောင်း သတင်းများတွင် ဖော်ပြသည်။ ***အမ်အင်အေ၊ရိုက်တာ။***

ပါကစ္စတန်တွင် ရေဘေးကြောင့် လယ်ယာ ဧက ၄ ဒသမ ၂၅ သန်း ပျက်စီး

ဆော့ခ်ကား ဩဂုတ် ၂၃

ပါကစ္စတန်နိုင်ငံတွင် ဖြစ်ပွားခဲ့သော ရေလွှမ်းမိုးမှုများကြောင့် ကောက်ပဲသီးနှံဧက ၄ ဒသမ ၂၅ သန်းကျော် ပျက်စီးခဲ့ရကြောင်း ပါကစ္စတန် စားနပ်ရိက္ခာဆိုင်ရာ ဝန်ကြီးဌာနဝန်ကြီးက ဩဂုတ် ၂၃ ရက်တွင် ပြောကြားသည်။

ရေလွှမ်းမိုးမှုများ ဖြစ်ပွားချိန်တွင် ပါကစ္စတန်နိုင်ငံ၏ ကောက်ပဲသီးနှံ စိုက်ခင်း ဧရိယာ ဟက်တာ ၂၃ သန်းကို ရိတ်သိမ်းနေဆဲဖြစ်ကြောင်း စားနပ်ရိက္ခာဆိုင်ရာ ဝန်ကြီးဌာန ဝန်ကြီးက ပြောကြားသည်။

ယင်းဝန်ကြီးဌာနက ရေဘေးကြောင့် ကောက်ပဲသီးနှံ စိုက်ခင်းများ ပျက်စီးဆုံးရှုံးရမှုကို ခန့်မှန်းတွက်ချက်ခဲ့ရာတွင် ပျက်စီးခဲ့ရသော လယ်ယာမြေများတွင် စပါးစိုက်ဧက ၁ ဒသမ ၅၁ သန်း ပါဝင်ပြီး ကျန်မြေများမှာ ကြံ၊ ပြောင်းနှင့် ဝါဂွမ်းစိုက်ဧကများဖြစ် ကြောင်း ဖော်ပြထားသည်။

ပါကစ္စတန် ဆော့ခ်ကားမြို့မှ ရေဘေးဒုက္ခသည် ကလေးတစ်ဦးကို ဩဂုတ် ၂၂ ရက်က တွေ့ရစဉ်။

ဆယ်စုနှစ်များစွာအတွင်း အဆိုးရွားဆုံး ရေဘေးသည် စပါးစိုက်ပျိုးသော လယ်မြေများ အပါအဝင် ကောက်ပဲသီးနှံ စိုက်ခင်းများကို ဖျက်ဆီးခဲ့သောကြောင့် ပါကစ္စတန်နိုင်ငံသား သန်းနှင့်ချီ၍ စားနပ်ရိက္ခာ ပြတ်လပ်မှုကို ကြုံရဖွယ်ရှိကြောင်း ကုလသမဂ္ဂက ဩဂုတ် ၂၃ ရက်တွင် ပြောကြားသည်။

ရေဘေးသင့်ဒုက္ခသည်များမှာလည်း ဖျားနာခြင်း အပါအဝင် အခြားကူးစက်တတ်သောရောဂါများကို ခံစားနေကြရကြောင်း၊ အနည်းဆုံး လူ ၁ ဒသမ ၅ သန်းခန့်သည် ရေဘေးနှင့် ဆက်နွှယ်သော နာမကျန်းမှုများ ဖြစ်ပွားခဲ့ခြင်းကြောင့် ဆေးကုသမှုခံယူခဲ့ရကြောင်း သတင်းများတွင် ဖော်ပြသည်။ ဝမ်းရောဂါကူးစက်ခံရသူပေါင်း ၂၀၄၀၀၀ ကျော်ရှိပြီး အရေပြားဆိုင်ရာ ရောဂါခံစားရသူပေါင်းမှာ ၂၆၃၀၀၀မျှရှိကြောင်း ပါကစ္စတန် တာဝန်ရှိသူများက ပြောကြားသည်။ ယင်းအပြင် ပါကစ္စတန်တောင်ပိုင်းဒေသများ၌ ရေမြင့်တက်လာမှုအန္တရာယ် အရေးပေါ်သတိပေးချက်ကို ထုတ်ပြန်ထားကြောင်း သတင်းများတွင် ဖော်ပြသည်။

အမ်အင်အေ၊ရိုက်တာ။

ပါကစ္စတန်ရေဘေးဒုက္ခသည်များ စားနပ်ရိက္ခာပြတ်လပ်မှုနှင့် ကြုံရဖွယ်ရှိ

တက်တာ (ပါကစ္စတန်) ဩဂုတ် ၂၃

ပါကစ္စတန်နိုင်ငံ၏ ဆယ်စုနှစ်အတွင်း အဆိုးရွားဆုံးရေလွှမ်းမိုးမှုကြောင့် လူဦးရေသန်းနှင့် ချီ၍ စားနပ်ရိက္ခာ ပြတ်လပ်မှုအန္တရာယ်နှင့် ရင်ဆိုင်ရမည်ဖြစ်ကြောင်း ကုလသမဂ္ဂက တနင်္လာနေ့တွင် ပြောကြားသည်။

စားနပ်ရိက္ခာပြတ်လပ်မှုနှင့် ရင်ဆိုင်ရမည့် လူဦးရေသည် သန်းနှင့် ချီ၍ ရှိမည်ဟု ယူဆရကြောင်း၊ ကုလသမဂ္ဂပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။ ရေလွှမ်းမိုးမှုသည် ဆန်စပါးစိုက်ပျိုးသော ဒေသဖြစ်သည့် ဆင်းပြည်နယ်တွင် ခရိုင်တစ်ခုပြီးတစ်ခုသို့ ကူးစက်ခဲ့ပြီး ရေကာတာများ ကျိုးပေါက်ခြင်း၊ ရေလျှံခြင်းများဖြစ်ပေါ်လျက်ရှိသည်။ ဆင်းပြည်နယ်အတွင်း တဖြည်းဖြည်း ရေမြင့်တက်လာခြင်းကြောင့် ထောင်၊ သောင်းချီသော ဒေသခံများသည် ဘေးလွတ်နိုင်မည့် မြို့ကြီး၊ မြို့ငယ်များနှင့် ကျေးရွာများသို့ ထွက်ပြေးနေကြကြောင်း သဘာဝဘေးအန္တရာယ် ကာကွယ်ရေး တာဝန်ရှိသူများက ပြောကြားသည်။

ဆင်းပြည်နယ် ရှာဒါကွတ်မြို့မှ လူဦးရေ ၁၀၀၀၀၀ကျော်မှာ နေအိမ်များကို စွန့်ခွာ၍ ထွက်ပြေးကုန်ကြပြီဖြစ်သည်။ အိန္ဒုမြစ်ရေ မြင့်တက်လာခြင်းကြောင့် ယင်းမြစ်ရိုးတစ်လျှောက်မှ မြို့များကို ရေလွှမ်းမိုးနိုင်မည့် အန္တရာယ်ကို ပါကစ္စတန် အာဏာပိုင်များက စိုးရိမ်နေကြသည်။ တက်တာမြို့တစ်မြို့တည်းမှ လူဦးရေ ၁၀၀၀၀၀ကျော်ကို နေရာရွှေ့ပြောင်းပေးခဲ့ပြီး ဖြစ်ကြောင်း ဆင်းပြည်နယ် သဘာဝဘေးအန္တရာယ် ကာကွယ်ရေးအာဏာပိုင်အကြီးအကဲ ဆာလက်ဖရိုးကီးက ပြောသည်။

အမ်အင်အေ၊ရိုက်တာ။

စတုတ္ထအကြိမ်မြောက် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဒုတိယအဆင့် အုပ်စုပတ်လည် အမှတ်ပေးပွဲစဉ်များ ဆက်လက်ကျင်းပ

နေပြည်တော် ဩဂုတ် ၂၃

အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းစီစဉ်ကျင်းပသည့် စတုတ္ထအကြိမ် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဒုတိယအဆင့် အုပ်စုပတ်လည် အမှတ်ပေးပွဲစဉ်များကို ယနေ့ညနေ ၄ နာရီတွင် သတ်မှတ်နေရာများ၌ဆက်လက်ကျင်းပရာ သက်ဆိုင်ရာဝန်ကြီးဌာနများမှ ဌာနဆိုင်ရာအကြီးအကဲများ၊ ဝန်ထမ်းများနှင့် မိသားစုဝင်များ၊ ဘောလုံးအားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

နေပြည်တော်အားကစားကွင်း အုပ်စု(ကက)

အမှတ်(၁) စက်မှုဝန်ကြီးဌာန — သုံးဂိုး
(ဇေယျာဖြိုး-နှစ်ဂိုး၊ နိုင်ထွန်းမင်း)

သစ်တောရေးရာဝန်ကြီးဌာန — ဂိုးမရှိ
(ဒိုင်) ဦးအောင်သူ (မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်)

ပေါင်းလောင်းအားကစားကွင်း အုပ်စု (ကက)

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန — သုံးဂိုး
(စိုင်းနန္ဒဝင်း-နှစ်ဂိုး၊ ရဲဇာနည်ထွန်း)

ပြည်ထဲရေးဝန်ကြီးဌာန — တစ်ဂိုး
(သန်းစိုး)
(ဒိုင်) ဦးသူရိန်စိုး (မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်)

၂၄-၈-၂၀၁၀ ရက်
နေပြည်တော်အားကစားကွင်း အုပ်စု (ခခ)
ဆက်သွယ်ရေး နှင့် အလုပ်သမား
ပေါင်းလောင်းအားကစားကွင်း အုပ်စု (ခခ)
ရထားပို့ဆောင်ရေး နှင့် သတ္တုတွင်း

(၁၀၇)

ဥသာယူနိုက်တက်ကို မနော်မြေအနိုင်ယူ

ရန်ကုန် ဩဂုတ် ၂၃

၂၀၁၀ MNL အမှတ်ပေးဘောလုံးပြိုင်ပွဲ ဒုတိယအကျော့ပွဲစဉ် (၁၃)အဖြစ် ဥသာယူနိုက်တက်အသင်းနှင့် မနော်မြေအသင်းတို့ ယနေ့ညနေ ၄ နာရီက သုဝဏ္ဏကွင်း၌ ယှဉ်ပြိုင်ကစားကြရာ မနော်မြေအသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

မနော်မြေ F.C — နှစ်ဂိုး
(ကျော်မျိုးဝင်းနှင့် ဝင်းဇော်အောင်-ပယ်နယ်တီ)

ဥသာယူနိုက်တက် — တစ်ဂိုး
(ထွန်းမင်းဦး)

ပထမအကျော့ကတည်းက Delta ကိုအနိုင်၊ Southern ကို သရေဖြင့် မထင်မှတ်သည့်ရလဒ်များ ထွက်ပေါ်အောင် ကစားနိုင်ခဲ့သည့် မနော်မြေအသင်းမှာ ယခုပွဲတွင်လည်း ဥသာကိုအနိုင်ယူကာ စတုတ္ထမြောက်နိုင်ပွဲ ရယူနိုင်ခဲ့သည်။ ဥသာအသင်းမှာ ယခုပွဲတွင်လည်း ခြေစွမ်းပြနိုင်ခြင်းမရှိဘဲ ဒုတိယအကျော့အစ နှစ်ပွဲစလုံး အရှုံးဖြင့် ရင်ဆိုင်ခဲ့ရသည်။

ဒုတိယအကျော့အဖွင့်ပွဲစဉ်တွင် လက်ရှိချန်ပီယံ ရတနာပုံကို ဂိုးပြတ်ရှုံးနိမ့်ခဲ့သောကြောင့် ဥသာယူနိုက်တက်အသင်းမှာ ယခုပွဲတွင် အနိုင်ရရှိရေးအတွက် တိုက်စစ်ဖွင့်ကစားသွားသည်။ ဥသာယူနိုက်တက်အသင်းမှာ ဖိကစားနိုင်ခဲ့သော်လည်း လစ်ပီလစ်ပီ၊ နိုင်နိုင်လင်းနှင့် ဗီတက်စ်တို့က တစ်ကိုယ်တော်အစွမ်းဖြင့် ထိုးဖောက်နေသောကြောင့် တိုက်စစ်မှာ ထင်သလောက်မထိရောက်ခဲ့ပေ။ ၂၁ မိနစ်တွင် မနော်မြေအသင်းဂိုးရရန် အခွင့်အရေးပေါ်ခဲ့သော်လည်း အောင်မြင့်မြတ်- ၂ အသုံးမချနိုင်ခဲ့၍ နစ်နာခဲ့ရသည်။

၄၉ မိနစ်တွင် မနော်မြေအသင်းဂိုးစရသွားပြီး ဥသာလူကျွံထောင်ချောက်ကို ကျော်ဖြတ်ပြီး ဘရာဇီးတိုက်စစ်မှူး အယ်မီယို၏ ဖန်တီးပေးမှုမှတစ်ဆင့် ကျော်မျိုးဝင်းက သွင်းယူခဲ့ခြင်းဖြစ်သည်။ ဥသာအသင်း ချေပဂိုးရရှိရန် လူအပြောင်းအလဲလုပ်ပြီး တိုက်စစ်မြှင့်သော်လည်း အရာမထင်ခဲ့ဘဲ ၇၆ မိနစ်တွင် ပယ်နယ်တီမှတစ်ဆင့် ဝင်းဇော်အောင်က မနော်မြေအတွက် ဒုတိယဂိုးထပ်မံသွင်းယူသွားသည်။ ၈၄ မိနစ်တွင် ထွန်းမင်းဦးက ချေပဂိုးတစ်ဂိုး ပြန်သွင်းခဲ့သော်လည်း ရှေ့တန်းတွင် လစ်ပီလစ်ပီခြေမပေါ်၍ ဥသာရှုံးပွဲတွေ့ခဲ့ခြင်းဖြစ်သည်။ (ကြေးမုံ)

ထိုးဖောက်မှု

ဥသာယူနိုက်တက် တိုက်စစ်မှူး လစ်ပီလစ်ပီ၏ ထိုးဖောက်မှုကို မနော်မြေ နောက်ခံလူ အိုမီလီ ဖျက်ထုတ်စဉ်။

(ကြေးမုံ)

အောင်ဇင်၏ အမေ့အား ကျေးဇူးတင်ပါသည်နှင့် ကိုယ်တွေ့ဝတ္ထုတိုများပေါင်းချုပ် ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဩဂုတ် ၂၃

အောင်ဇင်၏ အမေ့အား ကျေးဇူးတင်ပါသည်နှင့် ကိုယ်တွေ့ဝတ္ထုတိုများ၊ ဘဝပညာပေးဆောင်းပါးပေါင်းချုပ် စာအုပ်ကို ထုတ်ဝေဖြန့်ချိလိုက်သည်။ **(ယာပုံ)**

အမေ့အားကျေးဇူးတင်ပါသည်၊ မင်းအရင်သွားနှင့် သူငယ်ချင်း၊ အဖေ့အား ကျေးဇူးတင်ပါသည်၊ နွေဦးအတာ သွေးစက်မျက်ရည်စနှင့် အတိတ်အိပ်မက်ဆိုး၊ ဝဋ်မှာအမြဲ၊ သောကမီးလျှံအား ဓမ္မရေစင်ဖြင့် ငြိမ်းသတ်ခြင်း စသည့် ဘဝကိုယ်တွေ့ဝတ္ထုဆောင်းပါးများကို စုစည်းဖော်ပြထားသည်။

ငယ်စဉ်တောင်ကျေး ကလေးဘဝက မိခင်၏သတ္တိကို အားကျအတုယူ၍ တပ်မတော်သားဘဝတွင် ရန်သူအား ရဲရဲရင့်ရင့် ရင်ဆိုင်ခဲ့ပုံကို 'အမေ့အား ကျေးဇူးတင်ပါသည်' တွင်လည်းကောင်း၊ မရဏသေမင်းက အချိန်အခါမရွေး ခေါ်သွားနိုင်သဖြင့် အချိန်ရခိုက် ပြင်ဆင်ရန်ရှိသည်များကို အချိန်မနှောင်းမီ ပြင်ဆင်ထားနိုင်ရေး၊ 'မင်းအရင်သွားနှင့် သူငယ်ချင်း' တွင်လည်းကောင်း၊ သားသမီးများအား စံနမူနာပြ ဖခင်တစ်ဦးဖြစ်လာစေရန် မည်သို့နေထိုင် ကျင့်ကြံသင့်သည်ကို 'အဖေ့အား ကျေးဇူးတင်ပါသည်' တွင်လည်းကောင်း၊ နုနယ်ငယ်ရွယ်သော တပ်မတော်သား အရာရှိငယ်ဘဝတွင် ကြုံတွေ့ခဲ့ရသည့် ဆိုးရွားပြင်းထန်လှသော အတွေ့အကြုံများနှင့် အခက်အခဲများကို မည်သို့ ကျော်လွှားဖြတ်သန်းရသည်ကို 'နွေဦးအတာ သွေးစက်မျက်ရည်စနှင့် အတိတ်အိပ်မက်ဆိုး' တွင်လည်းကောင်း၊ ဗုဒ္ဓဘာသာဝင်တို့ မလွဲမသွေ ရင်ဆိုင်ကြုံတွေ့ရမည့် ကံနှင့်ကံ၏ အကျိုးပေးပုံကို ကိုယ်တွေ့အဖြစ် 'ဝဋ်မှာအမြဲ' တွင်လည်းကောင်း၊ ဘဝတွင် ရှောင်လွှဲ၍ မရဘဲ မလွဲမသွေရင်ဆိုင် ကြုံတွေ့ရမည့်

လောကဓံမုန်တိုင်းအား မိသားစုတစ်စုက မည်သို့ ကြံ့ကြံ့ခံရင်ဆိုင်ခဲ့သည်ကို 'သောကမီးလျှံအား ဓမ္မရေစင်ဖြင့်ငြိမ်းသတ်ခြင်း'တွင်လည်းကောင်း ဘဝပညာပေးရသများအဖြစ် အားပါးတရ ဖတ်ရှုရမည်။

အဆိုပါ စာအုပ်ကို ရှင်မတောင်စာပေ အမှတ် (၂၉၆) (၁) အနော်မာ (၇) လမ်း သာကေတမြို့နယ် ရန်ကုန်က ထုတ်ဝေဖြန့်ချိလိုက်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ဗိုလ်ချုပ်ရာပြည့် တက္ကသိုလ်ဝင်စာမေးပွဲ ပညာရည်ချွန် ဆုချီးမြှင့်ပွဲ အခမ်းအနား တက်ရောက်

နေပြည်တော်   ဩဂုတ်   ၂၃

တောင်ကြီးတက္ကသိုလ် ဝိဇ္ဇာ/သိပ္ပံ သုတေသနစာတမ်းဖတ်ပွဲ အခမ်းအနားကို ဩဂုတ် ၁၇ ရက်တွင် တောင်ကြီးတက္ကသိုလ်ခန်းမ၌ကျင်းပရာ အခမ်းအနားသို့ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ရာပြည့်တက်ရောက်၍ အဖွင့်အမှာစကားပြောကြားပြီး ဆုရရှိသူများအား ဆုများပေးအပ်ချီးမြှင့်သည်။

ထို့နောက်စာတမ်းရှင်တစ်ဦးကသုတေသနစာတမ်းကို ဖတ်ကြားတင်သွင်းသည်။

တိုင်းမှူးသည် ဩဂုတ် ၁၈ ရက်တွင် တောင်ကြီးမြို့ မြို့နယ်ခန်းမ၌ ကျင်းပသည့် တက္ကသိုလ်ဝင်စာမေးပွဲ ပညာရည်ချွန်ဆုချီးမြှင့်ပွဲနှင့် စိုက်ပျိုးရေးထူးချွန်ဆု ရရှိသူများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲ အခမ်းအနားသို့ တက်ရောက်သည်။

ရှေးဦးစွာ တိုင်းမှူးက အမှာစကားပြောကြားပြီး တိုင်းမှူးနှင့် တာဝန်ရှိသူများက ဘာသာစုံဂုဏ်ထူး အပါအဝင် သုံးဘာသာမှ ငါးဘာသာအထိ ဂုဏ်ထူးရကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ တာဝန်ရှိသူတို့က သင်ကြားမှုထူးချွန်ဆုရ ဆရာ၊ဆရာမများ၊ အောင်ချက်ကောင်း ပထမ၊ ဒုတိယနှင့် တတိယဆုရရှိကြသည့် မြို့နယ်များနှင့် အောင်ချက်ကောင်း ပထမ၊ ဒုတိယနှင့် တတိယဆုရရှိကြသည့် ကျောင်းများအား ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် တာဝန်ရှိသူတို့က ကမ္ဘာ့လူဦးရေနေ့အထိမ်းအမှတ် ပိုစတာ၊ စာစီစာကုံးနှင့် ဖိတ်ခေါ်ဆောင်းပါးပြိုင်ပွဲ ဗဟိုအဆင့်တွင် ဆုရရှိကြသူများ၊ မိုးစပါး (လယ်) အထွက်နှုန်း ထူးချွန်တောင်သူ ဆုရရှိကြသူများနှင့် စားသုံးဆီဖူလုံမှုတွင် ဆုရရှိကြသည့် မြို့နယ်များနှင့် သီးနှံစိုက်စွမ်းအား အကောင်းဆုံး ထူးချွန်မြို့နယ်ဆုရရှိကြသည့် မြို့နယ်များအား ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ တိုင်းမှူးသည် ပြည်နယ်အားကစားကွင်း မိုးလုံလေလုံအားကစားခန်းမ၌ကျင်းပသည့် တိုင်းမှူး တံခွန်စိုက်ဒိုင်း စစ်တုရင်ပြိုင်ပွဲဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားပြီးတာဝန်ရှိသူများနှင့်အတူပထမနေ့ ပြိုင်ပွဲယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးသည်။

ထို့နောက် ကမ္ဘောဇကလပ်ဘောလုံးကွင်း၌ကျင်းပသော ပြည်နယ်ဥက္ကဋ္ဌဖလားအမျိုးသမီးဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ခြင်း အခမ်းအနားသို့ တက်ရောက်ကြည့်ရှုအားပေးကာ တာဝန်ရှိသူတို့က ဆုရရှိသူများအား ဆုများပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် တိုင်းမှူးက ပထမရရှိသည့် ကလောမြို့နယ်အသင်းကို တံခွန်စိုက်ဆုဖလားနှင့် ဆင့်ပွားဆုဖလားတို့ကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ငါးမျိုးစိုက်ထည့်

ဇလွန်မြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှ စပါးခင်းများအတွင်း ငါးမျိုးစိုက်ထည့်ခြင်းအခမ်းအနားကို ဇွန် ၂၀ ရက်က ဗျင်းညားကျေးရွာအုပ်စု ကျုံတုံးကျေးရွာ၌ကျင်းပရာ ဟင်္သာတခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှ ခရိုင်ဦးစီးဌာနမှူး ဦးသန်းစိန်နှင့် မြို့နယ်အဆင့် တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များက ငါးကောင်ရေ ၁၂၆၅၀၀ ကို မျိုးစိုက်ထည့်ပေးစဉ်။
(မြို့နယ်ပြန်/ဆက်)

ပုသိမ်အသင်း (ရန်ကုန်)
ချီးကျူးဂုဏ်ပြုပွဲနှင့် စုပေါင်းအလှူဒါနကျင်းပ

ရန်ကုန်   ဩဂုတ်   ၂၃

ပုသိမ်အသင်း(ရန်ကုန်)၏ နိုင်ငံတော်မှ ဘွဲ့တံဆိပ်ချီးမြှင့်ခြင်းခံရသူများအား ချီးကျူးဂုဏ်ပြုပွဲနှင့် (၂၆)ကြိမ်မြောက် စုပေါင်းအလှူဒါနပြုပွဲကို ဩဂုတ် ၁၅ ရက်က ဗဟန်းမြို့နယ် ကြားတောရလမ်း ရွှေတိဂုံစေတီတော်အရှေ့ဘက်မုခ်ရှိ ရောဝတီတိုင်းဒေသကြီးဓမ္မာရုံ၌ ကျင်းပသည်။

အခမ်းအနားတွင် အသင်းဥက္ကဋ္ဌ အဂ္ဂမဟာသီရိသုဓမ္မဇောတဓရ ဦးစိုးဟန်လင်းက ဘွဲ့တံဆိပ် ချီးမြှင့်ခြင်းခံရသူများအား ချီးကျူးဂုဏ်ပြုရခြင်းနှင့် စပ်လျဉ်း၍ ပြောကြားပြီး အတွင်းရေးမှူး ဦးကျော်ကျော်ဝင်းက လှူဒါန်းပွဲနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဘွဲ့တံဆိပ်ရပုဂ္ဂိုလ်များအား တေးသံရှင် စိမ်းမို့မို့နှင့်အဖွဲ့က မင်္ဂလာရတု၊ တေးထပ်သီဆို၍ လည်းကောင်း၊ အသင်းမှတာဝန်ရှိသူများက ဂုဏ်ပြုလွှာ၊ အလှူပစ္စည်းတို့ပေးအပ်၍လည်းကောင်း ချီးကျူးဂုဏ်ပြုကြသည်။ ယင်းနောက် အလှူရှင်များက လှူဖွယ်ပစ္စည်းများဖြင့် စုပေါင်းလှူဒါန်းကြသည်။ (ကြေးမုံ)

ဂန့်ဂေါမြို့၌ သွေးလွန်တုပ်ကွေးကာကွယ်ရေးဆောင်ရွက်

ဂန့်ဂေါ   ဩဂုတ်   ၂၃

ဂန့်ဂေါမြို့ အမှတ်(၁)ရပ်ကွက်အတွင်းရှိ ပြည်သူများ သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေးအတွက် ရေမြောင်းများရှင်းလင်းခြင်း၊ ချုံနွယ်ပိတ်ပေါင်းများခုတ်ထွင်ခြင်း၊ အဘိတ်ဆေးထည့်ခြင်းလုပ်ငန်းများကို ဇူလိုင် ၁၀ ရက်က ဆောင်ရွက်ရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဝန်ထမ်းများနှင့် မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအဖွဲ့မှ တာဝန်ရှိသူများ ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ပေးပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့က အဘိတ်ဆေးများ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။**(အောက်ပုံ)**

(မြို့နယ်စည်ပင်)

ဇူလိုင် ၂၄ ရက်က ရွှေတောင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ပြီးစီးသည့် (မြို့ပြ) နှပ်တန်းတိုးချဲ့ကွက်သစ်လမ်း ကျောက်ချောခင်းခြင်းကို စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူး ဦးနေဦး ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးဟန်ရှိန်နှင့် လက်ထောက်အင်ဂျင်နီယာ ဦးတင်စိုးနိုင်တို့ ရှင်းလင်းတင်ပြစဉ်။
(မြို့နယ်စည်ပင်)

မောင်တောမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးကြီး မီးဘေးလုံခြုံရေးအတွက် မြို့နယ်မီးသတ်တပ်ဖွဲ့နှင့် ဈေးမိ၊ ဈေးဖများ ဇူလိုင် ၂၀ ရက်က မီးသတ်ဆေးဘူးဖြင့် မီးငြိမ်းသတ်ရေး ဇာတ်တိုက်လေ့ကျင့် ဆောင်ရွက် နေမှုကို အမှုဆောင်အရာရှိ ဦးတင်ဌေးနှင့် ဦးစီးအရာရှိ ဦးအောင်ကျော်ဝင်းတို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ကျောက်ပန်းတောင်းမြို့နယ်အသင်း(ရန်ကုန်)စုပေါင်းလှူဒါန်းပွဲနှင့် သက်ကြီးပူဇော်ပွဲ ကျင်းပမည့်နေရာ ပြောင်းရွှေ့

ရန်ကုန်   ဩဂုတ်   ၂၃

ကျောက်ပန်းတောင်းမြို့နယ်အသင်း (ရန်ကုန်) ၏ စုပေါင်းလှူဒါန်းပွဲနှင့် သက်ကြီးပူဇော်ပွဲကို ဩဂုတ် ၂၉ ရက် (တနင်္ဂနွေနေ့) မွန်းတည့် ၁၂ နာရီတွင် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဓမ္မာရုံ၌ ကျင်းပမည့်အစား ရွှေတိဂုံစေတီတော်တောင်ဘက်မုခ်အနီးရှိ အကောက်ခွန် ဓမ္မသုခရိပ်သာ ဓမ္မာရုံသို့ ပြောင်းရွှေ့ကျင်းပမည်ဖြစ်ပါ၍ ရန်ကုန်ရောက် ကျောက်ပန်းတောင်းမြို့နယ်သူ၊ မြို့နယ်သားများအားလုံး အသင်းဝင်သည်ဖြစ်စေ၊ မဝင်သည်ဖြစ်စေ တက်ရောက်ကြပါရန်နှင့် ကျောက်ပန်းတောင်း ပလာတာဖြင့် ဧည့်ခံကျွေးမွေးမည်ဖြစ်ကြောင်း သိရသည်။

(ကြေးမုံ)

မြို့နယ်သတင်းများ

မုံဒုံမြို့နယ် သဘင်အစည်းအရုံး နှစ်လည်စည်းဝေး

ရန်ကုန်   ဩဂုတ်   ၂၃

မွန်ပြည်နယ် မုဒုံမြို့နယ် သဘင်ပညာရှင်များအစည်းအရုံး နှစ်ပတ်လည် အစည်းအဝေးနှင့် သက်ကြီးပူဇော်ပွဲ အခမ်းအနားကို ဩဂုတ် ၉ ရက်တွင် မြို့နယ် သဘင်ပညာရှင်များ အစည်းအရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ သဘင်ပညာရှင်များအစည်းအရုံး (ဗဟို) အတွင်းရေးမှူး ဦးအောင်တင်ဝင်းက နှုတ်ခွန်းဆက်အမှာစကား ပြောကြားပြီး အတွင်းရေးမှူး (ဗဟို) မုဒုံမြို့နယ် သဘင်ပညာရှင်များ အစည်းအရုံး ဥက္ကဋ္ဌ ဦးထွန်းကြည်နှင့် အလုပ်အမှုဆောင်များက သက်ကြီးသဘင်ပညာရှင် ၁၀ ဦးတို့အား လှူဖွယ်ပစ္စည်းများဖြင့် ကန်တော့ကြသည်။

ယင်းနောက် နှစ်ပတ်လည်အစည်းအဝေးကို ကျင်းပရာ မြို့နယ်သဘင်ပညာရှင်များ အစည်းအရုံးဥက္ကဋ္ဌနှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးအောင်ဝင်းတို့က အမှာစကား ပြောကြားကြပြီး တစ်နှစ်တာ ဆောင်ရွက်ချက်များ၊ ဘဏ္ဍာရေးရှင်းတမ်းများနှင့် တစ်နှစ်တာ ဆောင်ရွက်ချက် အစီရင်ခံစာများကို အလုပ်အမှုဆောင်များက ဖတ်ကြားတင်သွင်း အတည်ပြုချက်ရယူကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကျောင်းကျန်းမာရေး သီတင်းပတ်

သယ်န်းကျွန်း အလက(၁) ကျောင်းကျန်းမာရေး သီတင်းပတ်လှုပ်ရှားမှုအဖြစ် ဦးလှဌေးမိုး-ဒေါ်ဌေးဌေးမူ၊ သား မောင်ထင်ကျော်လင်း (ဒုတိယတန်း-က) ၏ မွေးနေ့အလှူအဖြစ် ကြက်သားဆန်ပြုတ် အာဟာရဒါနပြုတိုက်ကျွေးစဉ်။ (ကြေးမုံ)

ကျောင်းကျန်းမာရေး သီတင်းပတ်

တွံတေးအထကခွဲ(မြို့မ)၏ ကျောင်းကျန်းမာရေး သီတင်းပတ်လှုပ်ရှားမှုအဖြစ် ဩဂုတ် ၁၃ ရက်က ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်နွဲ့မူနှင့် ကျောင်းသားမိဘများက ကျောင်းသား၊ ကျောင်းသူများအား သာဂူတိုက်ကျွေးစဉ်။
(ပညာရေး)

မိုင်းရယ်စည်ပင် လုပ်ငန်းစစ်ဆေး

မိုင်းရယ်   ဩဂုတ်   ၂၃

ရှမ်းပြည်နယ်(မြောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအုန်းသွင်နှင့်အဖွဲ့သည် မိုင်းရယ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၁၀-၂၀၁၁ခုနှစ် ဆောင်ရွက်သည့် မြို့ရေပေးရေးလုပ်ငန်း မြို့မဈေးလုံခြုံရေးနှင့် မီးဘေးကြိုတင်ကာကွယ်ရေး လုပ်ငန်းများကို ဇူလိုင် ၂၅ ရက်တွင် ကွင်းဆင်းစစ်ဆေးခဲ့ကြသည်။

ထို့ပြင် မိုင်းရယ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ကဏ္ဍကြီးငါးရပ်ကို စစ်ဆေး၍ လိုအပ်သည်များကို ညွှန်ကြားသွားသည်။ (မြို့နယ်စည်ပင်)

ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

သတင်းစာကိုယ်စားလှယ်လျှောက်ထားနိုင်

The New Light Of Myanmar သတင်းစာဖတ်ပရိသတ်များ၏ဆန္ဒကို ပိုမိုဖြည့်ဆည်းပေးနိုင်ရန် ရည်ရွယ်၍ သတင်းစာစောင်ရေများ တိုးတက်ထုတ်ဝေပေးသွားမည်ဖြစ်ပါသည်။ သတင်းစာများ ပိုမိုဖြန့်ချိနိုင်ရေးအတွက် သတင်းစာကိုယ်စားလှယ်အဖြစ် ဆောင်ရွက်လိုသူများ-

The New Light Of Myanmar သတင်းစာတိုက်
ဖုန်းအမှတ် ၀၁-၃၉၂၂၂၆
၀၁-၃၉၂၃၀၄ သို့ ဆက်သွယ်နိုင်ပါသည်။







Kyaw Mobile မှ
အထူးအစီအစဉ်(Promotion)

CDMA.800, 450, GSM Hand set များ အထိုင်ဖုန်းများကို ၁-၈-၂၀၁၀ ရက် မှ ၃၁-၈-၂၀၁၀ ရက်ထိ အထူးသက်သာသောဈေးနှုန်းများဖြင့် လက်လီလက်ကား ရောင်းချပေးနေပါသည်။

ဖုန်း-၇၃၀-၇၂၄၄၉၊ ၀၉- ၅၁၆၆၁၂၉၊ ၂၀၀၇၄၇၊ EX.၂၂၀၅
NO. 107, 1st Floor, Yuzana Plaza

ကိုစံဝင်း(သိမ်ဇရပ်)
ဘူမိဗေဒ(၁၉၈၆-၁၉၉၃)
မော်လမြိုင်တက္ကသိုလ်

သူငယ်ချင်း သတိတရရှိ၍ ဤကြော်ငြာထည့်လိုက်သည်။ ဖုန်းအဆက်အသွယ်လုပ်ပါရန်။

ကိုမြင့်သိန်း - ၀၉၆၃၀၇၅၀၉
ကိုသန်းနိုင် - ၀၉၆၅၃၇၃၈၇၊ ၀၁-၅၈၁၀၈၇၊
(၁၉၈၆-၈၇၊ ဘူမိဗေဒပထမနှစ်သူငယ်ချင်းများ)

ကိုကျော်လင်းနှင့်စိုင်းခင်မောင်ဦး
(၁၉၈၆-၁၉၉၃၊ မန္တလေးတက္ကသိုလ်)

၁၉၉၃ ကျောင်းပြီးကတည်းက မတွေ့ရသော သူငယ်ချင်းတို့ ဤကြော်ငြာတွေ့ပါက ဖုန်းအဆက်အသွယ်လုပ်ပေးကြပါရန်။

ကိုအောင်ကျော်မိုး - ၀၁-၅၈၁၆၃၀
ကိုကျော်ဆန်းဦး - ၀၉-၉၀၅၀၇၃၆
ကိုသန်းနိုင် - ၀၉၆၅၃၇၃၈၇၊ ၀၁-၅၈၁၀၈၇၊
(၁၉၈၆-၁၉၉၃၊ ဘူမိဗေဒသူငယ်ချင်းများ)

၃-၈ -၂၀၁၀ရက်ထုတ်ကြေးမုံသတင်းစာပါ ကြေညာချက်အားရုပ်သိမ်းခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၈)ရပ်ကွက်၊ မဟာဆွေလမ်း၊ မြေကွက်အမှတ်(၂၄၁) မြေနှင့်အိမ်နှင့်ပတ်သက်၍ ဦးအောင်သန်းတင် [၁၂/ဥကမ(နိုင်) ၁၀၀၂၇၈]၏ သတိပေးကြေညာချက်ကို ပြန်လည်ရုပ်သိမ်းကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ချက်အရ-
ဦးသက်ကိုကို (အထက်တန်းရှေ့နေ- စဉ်-၂၇၂၂၆)
၁၅၃/ခ၊ မဥ္ဇူလမ်း၊ ၁၈/က ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်

တောင်ကုတ်မြို့နယ်အသင်း(ရန်ကုန်)၏ အသင်းတိုက်ဆောက်လုပ်နိုင်ရန်အတွက် ဦးလွန်းမောင်လမ်း၊ မရမ်းကုန်းမြို့နယ်နေ အသင်းနာယက ဦးဘခိုင်-ဒေါ်မေလှကြည်မိသားစုက ငွေကျပ်တစ်သိန်း ပေးအပ်လှူဒါန်းရာ အသင်းနာယက ဦးစံတင်၊ ဦးကျန်ထွန်း၊ ဥက္ကဋ္ဌ ဦးထွန်းသိန်းနှင့် ဒု-ဥက္ကဋ္ဌ ဦးအောင်သာထွန်းတို့ လက်ခံရယူစဉ်။ (ကြေးမုံ)

တပ်ကုန်းမြို့နယ်တွင် အာဟာရတိုက်ကျွေး

နေပြည်တော် ဩဂုတ် ၂၃

အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များ လှုပ်ရှားမှုအနေဖြင့် ဆေးတိုက်ကျွေးခြင်း လုပ်ငန်းကို ဩဂုတ် ၂၀ ရက်က တပ်ကုန်းမြို့နယ် ဆရာစံရပ်ကွက် ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ ကျင်းပသည်။

အဆိုပါ ဆေးတိုက်ကျွေးခြင်းကို မြို့နယ် ကျန်းမာရေးဌာနမှ ကျန်းမာရေး ဆရာမ ဒေါ်သင်းသင်းလှိုင်နှင့် သားဖွားဆရာမ၊ အရန် သားဖွားဆရာမများ၊ ရပ်ကွက် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းခွဲ ဥက္ကဋ္ဌ ဒေါ်မိုးမိုးနှင့် အသင်းဝင်များက ခြောက်လမှ ငါးနှစ်အထိကလေးများအား ဗီတာမင်အေဆေးများ တိုက်ကျွေးခြင်း၊ သံချဆေးပြား တိုက်ကျွေးခြင်း၊ ကိုယ်ဝန်ဆောင်မိခင်များအား သံဓာတ်ဆေးပြားပေးခြင်း၊ သုံးလအထက် ကိုယ်ဝန်ဆောင်များအား သံချဆေးပြား တိုက်ကျွေးခြင်း၊ ကိုယ်ဝန်ရှစ်လအထက် ကိုယ်ဝန်ဆောင်များအား ဗီတာမင်ဘီဝမ်းဆေး တိုက်ကျွေးခြင်းများ ဆောင်ရွက်ပေးကြောင်း သိရသည်။

(၅၆၄)

သန်လျင်မြို့ အောင်ချမ်းသာရပ်ကွက် အခြေခံပညာ မူလတန်းကျောင်း (ဂျမား)၏ ၂၀၀၉-၂၀၁၀ ပညာသင်နှစ် ပညာရည်ချွန် ဆုပေးပွဲကို ဩဂုတ် ၂၀ ရက်က ကျင်းပရာ သူငယ်တန်းမှ စတုတ္ထတန်းအထိ ပထမရရှိသော မပိုးပိုးဇင်လှအား ကျောင်းအုပ်ဆရာကြီး ဦးကျော်ဝင်း ဂုဏ်ပြုဆုချီးမြှင့်စဉ်။

(ပညာရေး)

မြို့နယ်သတင်းများ

မြို့ပြလမ်း ကွင်းဆင်းစစ်ဆေး

ကဝ ဩဂုတ် ၂၃

စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးထင်အောင်မြင့်နှင့်အဖွဲ့သည် ဩဂုတ် ၁၃ ရက်က ကဝမြို့နယ် စည်ပင်သာယာရေးအဖွဲ့သို့ ရောက်ရှိပြီး ကဏ္ဍကြီးငါးရပ် စစ်ဆေးခြင်းနှင့် မြို့ပြလမ်းများဖြစ်သည့် မာဃလမ်းနှင့် ကမ်းနားလမ်း အပိုင်း(၁) ဂဝံခင်းခြင်းလုပ်ငန်း ဆောင်ရွက်ရန်အတွက် ဂဝံကျောက်များ စုဆောင်းထားရှိမှုကို ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးသန်းဦးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးသိန်းဇော်ဦးတို့က ရှင်းလင်းတင်ပြခဲ့ကြောင်း သိရှိရသည်။

(မြို့နယ်စည်ပင်)

ဩဂုတ် ၂၂ ရက်က တာမွေမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ကြီးကြပ်မှုဖြင့် အဖွဲ့ခေါင်းဆောင် ဦးဌေးနိုင် (မြို့နယ်အုပ်ချုပ်ရေးမှူး၊ တာမွေလျှပ်စစ်) ဦးစီး၍ ရပ်ကွက်ဥက္ကဋ္ဌ ဦးမောင်မောင်ကြည်နှင့် အဖွဲ့ဝင်များ၊ ရပ်ကွက်လူမှုရေးအဖွဲ့ဝင်များနှင့် ပူးပေါင်း၍ ၁၄၂ လမ်း၊ ၁၄၃ လမ်း၊ ၁၄၄ လမ်းအတွင်း သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးအတွက် ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများ စုပေါင်းဆောင်ရွက်ကြစဉ်။ (၀၈)

အသည်းရောင်အသားဝါ (ဘီ)ပိုးနှင့်(စီ)ပိုးကာကွယ်ရေး နှိုးဆော်ချက်

အသည်းရောင်အသားဝါ ရောဂါဖြစ်စေသော ရောဂါပိုးများတွင် အသည်းရောင်အသားဝါ (ဘီ)ပိုးနှင့် (စီ)ပိုးများလည်းပါဝင်သည်။ (ဘီ)နှင့် (စီ)ဗိုင်းရပ်(စ်)ပိုးများသည် တစ်ဦးနှင့်တစ်ဦး သွေးနှင့် ကိုယ်တွင်းအရည်များမှတစ်ဆင့် ကူးစက်နိုင်သည်။ အသည်းရောင် အသားဝါ ဖြစ်ရာမှ အသည်းခြောက်ခြင်း၊ အသည်းကင်ဆာဖြစ်ခြင်းကြောင့် သေဆုံးသည်အထိ အန္တရာယ်ရှိသည်။

သို့ဖြစ်၍ အသည်းရောင်အသားဝါ (ဘီ)ပိုးနှင့် (စီ)ပိုး ကူးစက်ပျံ့နှံ့ခြင်းမှ ကာကွယ်ရန်အတွက်-

(က) တစ်ကိုယ်ရေသန့်ရှင်းရေးကို ဂရုစိုက်ပါ။ သွားပွတ်တံ စသည်တို့ကို သီးခြားအသုံးမပြုလျှင် ကူးစက်တတ်သည်ကို သတိပြုပါ။
(ခ) လိင်ဆက်ဆံရာမှ ကူးစက်တတ်သည်ကို သတိပြုပါ။
(ဂ) အပ်စိုက်၊ ဆေးထိုးဆေးသွင်းရာမှ ကူးစက်တတ်သဖြင့် သန့်ရှင်းသော တစ်ခါသုံးအပ်များကိုသာ အသုံးပြုပါ။
(ဃ) သွေးမှတစ်ဆင့်ကူးစက်မှုကို ကာကွယ်ရန်အတွက် သန့်စင်သော သွေးရရှိရန်ဆောင်ရွက်ပါ။
(င) ရောဂါကာကွယ်ကုသရန်အတွက် နီးစပ်ရာကျန်းမာရေးဌာနနှင့် ဆက်သွယ်ဆောင်ရွက်ပါ။

ကျန်းမာရေးဝန်ကြီးဌာန

ကြွက်ကာကွယ်နှိမ်နင်းရေး နှိုးဆော်ချက်

မိုးဦးအစတွင် ရိုးမများအတွင်း မှီခိုနေထိုင်သော ကြွက်ဝမ်းဖြူများသည် မျိုးပွားနှုန်း မြင့်မားလာခြင်း၊ ဒေသနှင့် ဝါးမျိုးကွဲအလိုက် ဝါးပန်းပွင့်ခြင်း၊ ဝါးသုဉ်းခြင်းတို့ကြောင့် ရိုးမအတွင်း အစားအစာ ရှားပါးလာသဖြင့် စပါးပျိုးခင်းနှင့် စိုက်ခင်းများရှိရာ မြေပြန့်သို့ အုပ်စုလိုက်ရွှေ့ပြောင်း၍ ပျိုးခင်းမှစပါးစေ့နှင့် ပျိုးပင်ငယ်များကို စားသောက်ဖျက်ဆီးနိုင်ကြောင်း နှိုးဆော်အပ်ပါသည်။

ကြွက်ကျရောက်ဖျက်ဆီးပါက အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ကြရန်ဖြစ်ပါသည်-

- လူနေအိမ်နှင့် စိုက်ခင်းများတွင် ကြွက်ခိုအောင်းနိုင်သော နေရာများအား သန့်ရှင်းရေး ဆောင်ရွက်ခြင်း၊
- ကြွက်ကျင်းများ တူးဖော်နှိမ်နင်းခြင်း၊
- ကြွက်ကျင်းများထဲသို့ မီးခိုးမှိုင်းတိုက်ခြင်း၊ ရေလောင်းထည့်ခြင်း၊
- တစ်ကွင်းတစ်စပ်တည်းတွင် လူထုလှုပ်ရှားမှုအသွင်ဖြင့် ခြောက်လှန့်ရှာဖွေဖမ်းဆီးခြင်း၊
- ထောင်ချောက်အမျိုးမျိုး အသုံးပြုနှိမ်နင်းခြင်း၊
- လိုအပ်ပါက ကြွက်သတ်ဆေးချ၍ ကာကွယ်နှိမ်နင်းခြင်း၊

အကူအညီလိုအပ်ပါက နီးစပ်ရာ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းဌာနများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ကြရန် နှိုးဆော်အပ်ပါသည်။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။
❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။

❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။

❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။

☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။

☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။

☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။

☆ RFA, DVB - သွေးထိုးနေသည်။

☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား - နားမယောင်လေနဲ့ သတိထား။

ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ် ထီးဟူးသံကျေးရွာ၌ နယ်ခြားစောင့်တပ်ဖွင့်ပွဲ အခမ်းအနားကျင်းပ ဒေသခံပြည်သူများအနေဖြင့် ၎င်းတို့၏ လူမှုစီးပွားရေးဘဝ တိုးတက်ဖွံ့ဖြိုးလာစေပြီး နယ်စပ်ဒေသများ ထာဝရငြိမ်းချမ်းရေးအတွက် နယ်ခြားစောင့်တပ်ဖြစ်ပေါ်လာမှုကို ဝမ်းပန်းတသာကြိုဆို

နေပြည်တော် ဩဂုတ် ၂၃

ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ နိုင်ငံတော်လုံခြုံရေးနှင့် နယ်စပ်ဒေသများ တည်ငြိမ်အေးချမ်းစေရေးအတွက် ဥပဒေဘောင်အတွင်း ဝင်ရောက်ပြီးဖြစ်သော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအား တရားဝင်လက်နက်ကိုင်ဆောင်သည့် နယ်ခြားစောင့်တပ်များအဖြစ် အသွင်ကူးပြောင်းရေးဖွဲ့စည်းမှု အစီအစဉ်များအရ တိုးတက်သော ဗုဒ္ဓဘာသာ ကရင်အမျိုးသား အစည်းအရုံး (ဒီကေဘီအေ)၏ နယ်ခြားစောင့်တပ်ဖွင့်ပွဲ အခမ်းအနားကို ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ် ထီးဟူးသံကျေးရွာ၌ ဩဂုတ် ၂၀ ရက် နံနက်ပိုင်းတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။ စာမျက်နှာ ၈ ကော်လံ ၁ သို့❖

မှတ်ပုံတင်ခွင့်ရရှိပြီးသော နိုင်ငံရေးပါတီများက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ယင်းတို့၏ ပါတီဝင်အင်အားစာရင်းများ လာရောက်တင်ပြ

နေပြည်တော် ဩဂုတ် ၂၃

နိုင်ငံရေးပါတီများသည် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းနည်းဥပဒေ ၁၃(က)နှင့်အညီ ယင်းတို့စည်းရုံးရရှိပြီးသော ပါတီဝင်အင်အားစာရင်းများကို မှတ်ပုံတင်ခွင့်ရရှိသည့် နေ့ရက်မှစ၍ ရက်ပေါင်း ၉၀ အတွင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ တင်ပြရန်ရှိရာ ဩဂုတ် ၁၈ ရက်တွင် **ပြည်ထောင်စုကရင်အမျိုးသားများအဖွဲ့ချုပ်**က လည်းကောင်း၊ ဩဂုတ် ၂၁ ရက်တွင် **ဒီမိုကရေစီနှင့် ငြိမ်းချမ်းရေးပါတီ**က လည်းကောင်း၊ ယနေ့တွင် **ချင်းတိုးတက်ရေးပါတီ**က လည်းကောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ပါတီဝင်အင်အားစာရင်း လာရောက်တင်ပြကြသည်။

ယနေ့အထိ ကော်မရှင်က မှတ်ပုံတင်ခွင့်ပြုပြီးသည့် ပါတီ (၄၁)ပါတီရှိရာတွင် သတ်မှတ်ရက်အတွင်း ပါတီဝင်အင်အားစာရင်း တင်ပြပြီးသည့် ပါတီမှာ (၂၅)ပါတီရှိပြီဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သတင်းအညွှန်း

"ကြိုတင်အားဖြည့် ကွန်ကရစ်ဇလီဖားစက်ရုံ (ဥသျှစ်ပင်)" ဖွင့်လှစ်သည့် သတင်းကို စာမျက်နှာ(၆)တွင် ဖတ်ရှုနိုင်ပါသည်။

ယနေ့ မိုးလေဝသ

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။